မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၁)

မိန့်ခွန်း ပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းမှုရဲ့အရသာ ခံစားနေကြရပြီ

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့တာဝန်ကို ယူလိုက်ရတဲ့ အချိန်ကစပြီး နယ်စပ်ဒေသများပါမကျန် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တစ်ပြည်လုံးမှာလက်ညှိုးထိုးမလွဲအောင်တည်ဆောက်ပေးထားပြီးဖြစ်တယ်။ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ကြိုးပမ်းရာမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြားဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်လျက်ရှိကြတယ်။ ယခုအချိန်မှာ တိုင်းရင်းသားပြည်သူတွေဟာ ငြိမ်းချမ်းမှုရဲ့အရသာကို ခံစားနေကြရပြီ။

သမိုင်းရဲ့ ခါးသီးတဲ့အတွေ့အကြုံမျိုးတွေ ပြန်လည်မပေါ်ပေါက်ရအောင် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေးဝါဒအဖြစ် စွဲမြဲစွာခံယူ

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အသက်ပေးကာကွယ်စောင့်ရှောက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ တပ်မတော်သားကောင်းများဖြစ်အောင် အားထုတ်

စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်း ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်းငါးပါးနဲ့ ပြည့်စုံအောင်ကြိုးစား

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)ရဲ့ သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာ ဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၉ ရက်)

ကျန်းမာသန်စွမ်းသော သားကောင်းရတနာများဖြစ်ထွန်းရေး မိခင်နှင့်ကလေးကျန်းမာရေး ဝိုင်းဝန်းကြိုးပမ်းစောင့်ရှောက်ပေး

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးရည်မှန်းချက်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ကျန်းမာခြင်းဖြင့်သာ ဉာဏ်ရည်မြင့်မားစေနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးနှင့်နီးနွယ်သည့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်(၅)မှာ "မိခင်ကျန်းမာရေးမြှင့်တင်ရန်" ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိခင်များ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးအပါအဝင် ကလေးများတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်၍ မိခင်နှင့်ကလေး (မွေးကင်းစအပါအဝင်) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ဦးစားပေး အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၁ဒသမ၃သန်းခန့်ရှိရာ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် အန္တရာယ်ကင်းသော မိခင်ဘဝရရှိရေးကို ဦးစားပေးသည့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာတစ်ရွာတွင် ကျွမ်းကျင်သော သားဖွားစွမ်းရည်ရှိသူ အနည်းဆုံးတစ်ဦးရှိရန် ရည်ရွယ်၍ သားဖွားဆရာမများအား တိုးမြှင့်မွေးထုတ်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မွေးဖွားသူတိုင်းကို လိုအပ်သောစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်မိခင်မှစ၍ ၎င်း၏မိသားစုအထိ စဉ်ဆက်မပြတ် စောင့်ရှောက်မှုများပေးနိုင်ရန် စီစဉ်လျက်ရှိပေသည်။

မိခင်ကလေးကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးရှိ ကျန်းမာရေးဌာနများသည် ပညာပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခြင်း၊ ပိုးမွှားသန့်စင်သောနည်းဖြင့် စနစ်တကျမွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေး စောင့်ရှောက်မှုပေးခြင်း၊ မိခင်နှင့်ကလေးအာဟာရဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

မြန်မာတစ်နိုင်ငံလုံး၏ စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းရှိလာခဲ့၍ ကျန်းမာရေးပညာပေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုကို အထောက်အကူပြုနိုင်သည်သာမက မိခင်သေဆုံးမှုများ လျော့ကျစေရန် ဆောင်ရွက်မှုလုပ်ငန်းအပေါ် အကျိုးသက်ရောက်စေခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ အနာဂတ်အတွက် နိုင်ငံအကျိုးသယ် ပိုးထမ်းရွက်နိုင်မည့် ကျန်းမာသန်စွမ်းသော သားကောင်းရတနာများဖြစ်ထွန်းလာရေးကို ပြည်သူတိုင်းက တာဝန်သိသိ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁) ပုဇွန်တောင် မြတ်ဆရာပူဇော်ကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

အထက (၁)ပုဇွန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် အထက(၁)ပုဇွန်တောင်မှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ရန် ဖိတ်ကြားထားပြီးဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အခမ်းအနားသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းလိုပါက ဦးအုန်းကျော် ဖုန်း-၅၈၀၁၁၀၊ ဒေါ်ကျင်ရီလေး ဖုန်း-၂၉၈၈၀၆၊ ဒေါ်ခင်စန်း ဖုန်း-၅၄၈၅၂၆၊ ဗိုလ်မှူးစိုးပိုင် ဖုန်း- ၂၁၆၂၂၉၊ ဦးတင်ထွန်းအောင် ဖုန်း-၂၀၂၆၀၅နှင့် ဦးအောင်ခိုင် ဖုန်း-၂၉၇၄၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မြန်မာစာ မြန်မာစကား
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ရှင်သန်နေသောသီချင်းများ (Living Songs)
	၂၀။	စိုက်ပျိုးသုတ
	၂၁။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၈)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ တစ်နိုင်ငံလုံးအဆင့် အမှတ်အများဆုံးရ ကျောင်းသားကျောင်းသူများနှင့် English Debate Competition တွင် ဆုရသူများ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊သိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အတန်းတင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၂၀၉ဦးနှင့် ဗဟိုအဆင့် **English Debate Competition** တွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူခြောက်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၁၅ဦးတို့အား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ရက် မွန်းလွဲ၁နာရီက မန္တလေး နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ (အောက်ပုံ)

အခမ်းအနားတွင် ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ တစ်နိုင်ငံလုံးအဆင့် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၈ဦး၊ English Debate Competition

အကြီးတန်းအဆင့်၌ ပထမဆုရရှိသူတစ်ဦးနှင့် အငယ်တန်းအဆင့်၌ ပထမဆုရရှိသူတစ်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကာ ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကျောင်းအုပ်ကြီးများက ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူနှစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဆရာတော်ထီလာအရှင်သုန္ဒရ ဟောကြားတော်မူသော တရားတော်
၇း၄၅-၁း၄၅	ပူဇာစပူဇနေယျာနံ
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	VJ Choice
၈း၃၅-၂း၃၅	ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများအောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း
၈း၄၅-၂း၄၅	ပိုလီယိုရောဂါကာကွယ်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Art Vision (Spirit: Myanmar Contemporary Art Exhibition)
၉း၅၀-၃း၅၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	လှပချစ်စရာလက်မှုအနုပညာ (Love Flower)
၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	အလင်းဖြင့် ဆေးခြယ်သူ
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၄၅-၅း၄၅	Orchard Families (အပိုင်း-၁)
၁၂း၁၅-၆း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂း၂၅-၆း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	Shopping Guide (အလှကမ္ဘာ ဒီဂျစ်တယ်ကင်မရာ၊ ဗီဒီယိုကင်မရာ အရောင်းစင်တာ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အ လ က (၁) မင်္ဂလာတောင်ညွန့်၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းရုံးခန်း သုံးဆိုဖာ ဆက်တီ တစ်စုံအတွက် ငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းသော ဦးအဒူဇော်ဘော်အား ကျောင်းအုပ်ဆရာကြီးဦးရဲတင့်က ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၂၃)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် လှဌေးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း မြဝတီ အငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ စုဝေး ခန်းမ၌ကျင်းပသည့်တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြသူများ

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနား သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီး ချုပ် (ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ် ရေး ဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူး ခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဦးသောင်း၊ ဗိုလ်ချုပ်စောလွင်၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်လွန်းသီနှင့် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်မှူးချုပ် သိုးထိန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ် မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ် ကျော်ညွန့်၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်မှူးချုပ်ညဏ်ထွန်း၊ ဗိုလ်ချုပ်စိန်လင်းနှင့် တပ်မတော်အရာရှိကြီး များ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ တပ်မတော်သူနာ ပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခ ချုပ် ဗိုလ်မှူးချုပ် လှမြင့်ရွှေနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထား သော ကျောင်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

သင်တန်းတပ်ခွဲများစစ်ဆေး

ထို့နောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနေှး လျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၆)မှ အကောင်းဆုံး သင်တန်း သား ဆုရရှိသူ သင်တန်းသား အမှတ် (၁၁၈၆) သင်တန်းသား စစ်မြတ်ထက်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ် (၁၁၃၈) သင်တန်းသား နိုင်နိုင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၁၁၁၆)သင်တန်းသား ချစ်ကိုကိုဝင်း တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက်ဒုတိယတပ်မတော်ကာကွယ် ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သည် စစ်ရေးပြအခမ်းအနားမှ ပြန်လည် ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော် ဆေးတက္ကသိုလ်ပင်မစာသင်ဆောင်ရှိဧည့်ခန်း မဆောင်၌တပ်မတော်သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦး နှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဒုံးကျည်ကျရောက်ပေါက်ကွဲ အမျိုးသမီးရှစ်ဦး သေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

ကဘူးလ် ဇန်နဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း အူရုဇ်ဂန်ပြည်နယ် တီရန်ကော့တ်မြို့၌ ဒုံးကျည်ဖြင့် ပစ်ခတ်ခံရမှုကြောင့် အမျိုးသမီးရှစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ဇန်နဝါရီ၇ရက်တွင် ပြောကြားသည်။

သေဆုံး

ဖြစ်ပွားမှုမှာ တီရန်ကော့တ်မြို့၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနေသော ရဲတပ်ဖွဲ့ဝင်များကို တာလီဘန် လက်နက်ကိုင်များနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားရာမှ ဒုံးကျည်ထိမှန်ခဲ့သဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ အပါအဝင် ကလေးငယ်တစ်ဦး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဒဏ်ရာရ

သို့သော် အဆိုပါ ဒုံးကျည်ပစ်ခတ်မှုမှာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခြင်းဟုတ်မဟုတ် ရှင်းလင်းစွာ မသိရဟု ဆိုသည်။ တာလီဘန် လက်နက်ကိုင်များကလည်း ပြင်းထန်စွာ ခုခံတိုက်ခိုက်မှု၊ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များလည်း ထိခိုက်၊ သေဆုံး ဒဏ်ရာရလျက်ရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဥပဒေစိုးမိုးရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေး ဝန်ကြီးချုပ်ဟာစီနာ ဦးစားပေးမည်

ဒါကာ ဇန်နဝါရီ ၈

လွန်ခဲ့သည့်လက ဘင်္ဂလားဒေ့ရှ် ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရသူရှိတ် ဟာစီနာသည် ဘင်္ဂလားဒေ့ရှ်၌ ဝန်ကြီးချုပ် အဖြစ် ဇန်နဝါရီ ၆ရက်က ကျမ်းသစ္စာ ကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

မီးစ်ရှိတ်ဟာစီနာသည် ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် တာဝန်ယူလိုက်ခြင်းဖြစ်သည်။

ပြောကြား

မိမိ၏ဦးစားပေးလုပ်ငန်းများတွင် တရားဥပဒေစိုးမိုးရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးတို့ပါဝင်ကြောင်း ဝန်ကြီးချုပ်သစ် မီးစ်ရှိတ်ဟာစီနာက ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ



အရောင်းကျဆင်း

ဗြိတိန်နိုင်ငံ ဘီကက်စတာမြို့အနီး ပေးဖို့ဒ်အထက်လေကြောင်း အခြေစိုက်စခန်းအနီးတွင် အရောင်းကျဆင်းမှုကြောင့် မရောင်းရဘဲရှိနေသော ကားများကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား ရက်ပိုင်းအတွင်း ကြက်ငှက်ကောင်ရေ ၁၀၀၀ ခန့် သေဆုံး

ဟန်နွိုင်း ဇန်နဝါရီ ၈

ဗီယက်နမ်နိုင်ငံ ကျန်နမ်ပြည်နယ်အလယ်ပိုင်း၌ ပြီးခဲ့သည့် သီတင်းပတ် အနည်းငယ်က အိမ်မွေးကြက်၊ ဘဲကောင်ရေ ၁၀၀၀ ခန့် သေဆုံးခဲ့ကြောင်း၊ ဒေသခံအများအပြားမှာ စိုးရိမ်ပူပန်လျက်ရှိကြောင်း ဗီယက်နမ်အရာရှိများက ဇန်နဝါရီ ၇ရက်တွင် ပြောကြားသည်။

ကူးစက်ခံရ

ထို့အတူ ဗီယက်နမ်နိုင်ငံ သန်ဟွာပြည်နယ် မြောက်ပိုင်း၌ ဇန်နဝါရီ ၆ရက်က အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရကြောင်း၊ ယင်းအမျိုးသားသည် ၂၀၀၉ ခုနှစ်၌ ဗီယက်နမ်တွင် ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

သတိပေး

ဗီယက်နမ်နိုင်ငံ၌ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်ကျဆင်းသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိတတ်သဖြင့် ပြည်သူများအနေဖြင့် သတိပြုဆင်ခြင်နေထိုင်ကြရန် ဗီယက်နမ်အရာရှိများက သတိပေးလိုက်သည်။

သုတ်သင်

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ငါးဦးသေဆုံးခဲ့ပြီး ကြက်၊ ဘဲကောင်ရေ ၁၀၀၀၀၀ ခန့်ကို သုတ်သင်ပစ်ခဲ့ရသည်။

(အင်တာနက်)

ဘူလ်ဂေးရီးယား၊ တူရကီ၊ ဂရိနှင့် မက်ဆီဒိုးနီးယားသို့ ရုရှားမှဓာတ်ငွေ့ပို့လွှတ်မှု ဇန်နဝါရီ ၆ရက်က ရပ်ဆိုင်းခဲ့

ဆိုဖီယာ ဇန်နဝါရီ ၈

သဘာဝဓာတ်ငွေ့ဈေးနှုန်းနှင့်စပ်လျဉ်း၍ ရုရှားအစိုးရနှင့် ယူကရိန်းအစိုးရတို့ အငြင်းပွားပြီးနောက် ယူကရိန်းနိုင်ငံမှတစ်ဆင့် ဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဘူလ်ဂေးရီးယား၊ တူရကီ၊ ဂရိနှင့်မက်ဆီဒိုးနီးယားနိုင်ငံများသို့ ရုရှားဓာတ်ငွေ့ပို့လွှတ်မှုကို ဇန်နဝါရီ ၆ ရက်က ရပ်ဆိုင်းခဲ့ကြောင်း ဘူလ်ဂေးရီးယား စီးပွားရေးဝန်ကြီးဌာနက ကြေညာသည်။

ယင်းသို့ ဓာတ်ငွေ့ပေးပို့မှု ပြတ်သွားသည့်အတွက် မိမိတို့မှာဆိုးရွားသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်ဟုလည်း ထည့်သွင်းကြေညာသည်။

အထိအနာဆုံးဖြစ်

အခြားရွေးချယ်ရန် လမ်းမရှိသည့် မက်ဆီဒိုးနီးယားနိုင်ငံနည်းတူ ဓာတ်ငွေ့လိုအပ်ချက် အားလုံးကိုပင် ရုရှားဓာတ်ငွေ့ အပေါ်မှီခိုနေရသည့် ဘူလ်ဂေးရီးယားနိုင်ငံမှာ အထိအနာဆုံးဖြစ်မည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ကွမ်ကျိုဒေသ၌ ဇန်နဝါရီ ၈ရက်က အဝေးပြေးလမ်းမပေါ်တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကဘူးလ်အရှေ့ဘက် စစ်ဆင်ရေး တာလီဘန်သူပုန် ၃၂ ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်အရှေ့ဘက်၌ တာလီဘန်သူပုန်များအား ဇန်နဝါရီ ၆ရက်က တိုက်ခိုက်စဉ် လက်နက်ကိုင်သူပုန် ၃၂ ဦး သေဆုံးကြောင်း သိရသည်။

ဖျက်ဆီး

ကဘူးလ်မြို့တော်မှ ကီလိုမီတာ ၁၀၀ ခန့်အကွာ အလီရှင်ခရိုင်၌ သူပုန်များအား စစ်ဆင် တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုစစ်ဆင်ရေးအတွင်း စစ်သွေးကြွတစ်ဦးအား ဖမ်းမိသည့်အပြင် ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်ပုန်းများထားသည့်နေရာကိုလည်း တွေ့ရှိ ဖျက်ဆီးပစ်နိုင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း အမ်ဒါဘက်မြို့တွင် ဇန်နဝါရီ ၁၀ရက်မှ ၁၄ရက်အထိ ငါးရက်ကြာကာလအတွင်း နိုင်ငံပေါင်း ၃၆ နိုင်ငံမှ စွန်လွှတ်ဝါသနာရှင် ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံတကာ စွန်လွှတ်ပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် အချင်းပေ ၅၀ ရှိ စွန်ဝိုင်းကြီးတစ်ခု ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့်အေးသန္တာသိန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

မက္ကဆီကိုသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မက္ကဆီကိုသမ္မတနိုင်ငံသမ္မတ Felipe Calderon Hinojosa ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မက္ကဆီကိုသမ္မတနိုင်ငံအစိုးရအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာသဝဏ်လွှာပါးအပ်ပါကြောင်း၊ မြန်မာနှင့်မက္ကဆီကိုသမ္မတနိုင်ငံ ဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း မက္ကဆီကိုသမ္မတနိုင်ငံသမ္မတ Felipe Calderon Hinojosa က သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန် အတူတကွလက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

မော်ရိုကိုနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မော်ရိုကိုဘုရင်မင်းမြတ် Mohammed VI က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မော်ရိုကိုနိုင်ငံအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ မြန်မာနှင့် မော်ရိုကို ဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။ ။ (မြန်မာ့အလင်း)

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနခန်းမရုံး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို အပူဇော်ခံသက်ကြီးပုဂ္ဂိုလ်များ၊ ဆုယူမည့်ကျောင်းသားကျောင်းသူများ၊ အသင်းဝင်မိသားစုများ၊ ရေတာရှည်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေး

* ရှတ်တရက်ပျော့ခွေ အကြောသေဟု
တစ်ထွေခေါ်ဆို ပိုလီယိုအတွက်
ကြိုတင်မနှေး တိုက်ကျွေးကာကွယ်
ပြုရေးကြွယ်က တကယ်ရောဂါ
ကင်းဝေးကွာမို့ တာဝန်ယူလို့တိုက်ကျွေးစို့။
* "သားသမီးအပေါ်မေတ္တာထား
ကာကွယ်ဆေးနှင့်ရောဂါတား"
သားသားအတွက် မီးမီးအတွက်
အများအတွက် အားလုံးအတွက်
တိုင်းပြည်အတွက် နိုင်ငံအတွက်
ဒေသအတွက် ကမ္ဘာအတွက်
မပျက်မကွက် လက်ချင်းဆက်
ဆောင်ရွက်နိုးကြား မြန်ပြည်တစ်လွှား
အမျိုးသား ကာကွယ်ဆေးတိုက်ကျွေးနေ့များ။ ။

ဒေါက်တာသန်းဦး

နေပြည်တော်ရှိ အစိုးရရုံးဌာန ဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံစာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာနဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းကို မတ် ၃ရက်မှစတင်၍ ၁၀လကြာ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ရုံးအမှတ်(၁၂)၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ အပတ်စဉ်တနင်္လာမှ စနေနေ့အထိ နံနက် ၇နာရီမှ ၉နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

အဆိုပါသင်တန်းသို့ ဘွဲ့ရဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို ဇန်နဝါရီ ၁၆ရက်မှ ၃၀ရက်အထိ ရုံးချိန်အတွင်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ရုံးအမှတ်(၁၂)သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၆၇-၄၀၇၂၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်ညီလာခံအကြို ထုတ်ကုန်ပစ္စည်းပြပွဲဖွင့်ပွဲနှင့် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ ၂၀၀၈ အကြို ထုတ်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ပစာ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အာဆီယံအင်ဂျင်နီယာအသင်းချုပ်မှ ကော်မရှင်နာ Mr. Rocky H.T.Wong၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ၊ အသင်းသား အသင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ အာဆီယံအင်ဂျင်နီယာ အသင်းချုပ်မှ ကော်မရှင်နာ Mr. Rocky H.T. Wong နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်(**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ်၍ ထုတ်ကုန်ပစ္စည်းပြပွဲကို ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ စက်မှုလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ ၂၀၀၈ အကြို သုတေသနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို အသင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သုတေသနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းအသီးသီးကို စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာနိုင်

စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၉ရက်အထိလည်းကောင်း၊ ထုတ်ကုန်ပစ္စည်းပြပွဲကို ဇန်နဝါရီ ၁၁ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ ၂၀၀၈ကို ဇန်နဝါရီ ၁၀ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

The Live News ယခုအပတ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၄)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ရှေ့လော အရှေ့လော၊ မြင်းမူမောင်နိုင်မိုး၏ ချီးမွမ်းခြင်း၊ ဆက်ဆံရေး၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၆)၊ ကိုကိုလှိုင်၏ ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲ ရုပ်ပုံလွှာအဟောင်းတွေနဲ့ နိုင်ငံရေးစာမျက်နှာအပြောင်းအလဲ၊ ကို(တက္ကသိုလ်)၏ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးတစ်ခေါက်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များသမိုင်းကြောင်း(၆)၊ နယ်ချဲ့တို့ရဲ့ အရှုံးအမြတ်တွက်ချက်မှုကြောင့် နေ့ကွေးခဲ့ရတဲ့ မီးရထားပို့ဆောင်ရေး(Railways)၊ နိုင်ငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည်အပိုင်း(၈)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၁၇)၊ အာရှမိုး၏ တရုတ်(တိုင်ပေ)ကို ပိုမိုကူညီပံ့ပိုးလာတဲ့ တရုတ်နိုင်ငံ၊ မိုး(ပျဉ်းမနား)၏ ရတနာမျက်ရှုသားရွှေ၊ အမေရိကန်ပြောတဲ့ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်၊ ၄၈နာရီကြာ ယာယီအပစ်အခတ်ရပ်စဲ ရေးကို အစ္စရေးဘက်က ပယ်ချ၊ သမ္မတသစ်အိုဘားမား၏ တာဝန်လွှဲပြောင်းရယူမည့်အခမ်းအနားတွင် လုပ်အားပေးလိုသူများပြားလျက်ရှိ၊ ၂၀၀၉ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ၂၀၀၈ခုနှစ်ထက် လျော့နည်းမည်ဟု ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ခန့်မှန်း၊ အမေရိကန်ကားထုတ်လုပ်သူများ အစိုးရထံမှချေးငွေရ၍ အသက်ရှူချောင်၊ ကျူးဘားရှိ အမေရိကန်တို့၏ အကျဉ်းထောင်စခန်း ပိတ်သိမ်းဖွယ်ရှိ၊ ရန်ကုန်မြို့ လေလှိုင်းကြားတွင် ထိရောက်မှုအရှိဆုံး City FM Radio Station ခုနစ်နှစ်ပြည့် အခမ်းအနားကျင်းပ၊ ပင်လယ်ပျော်မင်းသားအပိုင်း(၆၃၊ ၆၄)စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူအိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ-၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

အထက(၂)ဒဂုံ(မြို့မ) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက (၂) ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ကိုအောင်မိုးသိန်း(၇၉) ဖုန်း-၀၉-၅၀-၇၀၃၄၂၊ မဆွေမျိုးမြင့်(၈၀) ဖုန်း-၅၇၇၄၀၉၊ မစန်းစန်းဝင်း(၈၅) ဖုန်း-၃၈၃၇၃၇၊ မခင်မိုးလွင်(၈၆) ဖုန်း-၀၉-၅၁-၅၈၃၅၂၊ မတင်ရည်ရည်ဦး(၈၈) ဖုန်း-၅၂၄၃၀၀၊ မသီတာ(၉၀) ဖုန်း-၅၈၄၄၂၉၊ မစိုးစိုးဝင်း(၉၃) ဖုန်း-၀၉-၅၀-၅၁၇၂၅၊ ကိုစိန်မင်း(၉၄) ဖုန်း-၀၉-၉၉-၇၁၇၂၂၊ မသင်းကြူမော်ဦး(၉၉) ဖုန်း-၂၄၅၄၅၄၊ ကိုဗညား(၉၀) ဖုန်း-၀၉-၈၀-၃၀၇၇၈၊ မအိဂျုလိုင်လှမြင့်(၂၀၀၀) ဖုန်း-၂၂၇၂၇၈၊ ၀၉-၅၁-၂၄၇၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တက်ရောက်လာသော ကျောင်းသားကျောင်းသူဟောင်းများအား နံနက်စာဖြင့် တည်ခင်းကျွေးမွေးမည်ဟု သိရသည်။ (သတင်းစဉ်)

ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဟသ္သာတမြို့နယ်၌ ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဟသ္သာတမြို့နယ်) အလုပ်အမှုဆောင်အဖွဲ့ အတည်ပြုတာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၆ရက် ညနေ ၃နာရီခွဲက ဟသ္သာတမြို့နယ် တနင်္လာဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)၊ တွဲဖက်အတွင်းရေးမှူး ဦးမြလွင်(ခ) ပန်းချီမြတင်နှင့် ဗဟိုအလုပ်အမှုဆောင် သုံးဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟသ္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်တင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ ဥက္ကဋ္ဌ ဦးမြတ်စိုး၊ အတွင်းရေးမှူး ဦးလှဆင့်နှင့် အဖွဲ့ဝင် ၁၂ဦးပါဝင်သော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ယနေ့အထိ မြို့နယ်အစည်းအရုံးပေါင်း ၇၉မြို့နယ်ကို ဖွဲ့စည်းခဲ့ပြီးကြောင်း သိရသည်။

(ရိုးရာပန်းပညာရှင်များအစည်းအရုံး)

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက်

(၁၁-၁-၂၀၀၉)ရက်နေ့

နှင့်

(၂၅-၁-၂၀၀၉)ရက်နေ့

ကနီ ယာကြီးကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်
အားကစားဝန်ကြီး ပိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၈

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇန်နဝါရီ ၆ရက် နံနက် ၈နာရီခွဲက စစ်ကိုင်းတိုင်း ကနီမြို့နယ် ယာကြီးကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပန်းကမ္ဘာစာကြည့်တိုက်ကို ကြည့်ရှုကာ လေ့လာဖတ်ရှုနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ဒို့ကျေးရွာမီးလင်းပြီ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ယာကြီးကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ ရေယာဉ်ရွာ၊ အောင်သပြေရွာ၊ ရွာမရွာနှင့် ရေဖြူကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် ဗလာစာအုပ်များ၊ ပန်းကမ္ဘာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် ကျေးရွာအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

လျှပ်စစ်မီးပေးနိုင်

ယနေ့ ဖွင့်လှစ်သော ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဒေသခံပြည်သူများနှင့် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအပါအဝင် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ငွေကျပ် ၉၇သိန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၅ KVA ထွက်ရှိသဖြင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၃၅ လုံးနှင့် လမ်းမီးများအတွက် နေ့စဉ် လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့
အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၀၈) ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၀၈)ကို ဇန်နဝါရီ ၁၂ရက်မှ ၁၆ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ယင်းညီလာခံတွင် သုတေသနစာတမ်းပေါင်း ၇၉ စောင်နှင့် ပိုစတာ ၁၆ခုတို့ကို ဖတ်ကြားတင်သွင်း ပြသမည်ဖြစ်ပြီး နည်းပညာရက်သတ္တပတ်အဖြစ် ဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်ငါးခုကို ပြည်တွင်း၊ ပြည်ပမှ ပညာရှင်ကြီးများက ဟောပြောဆွေးနွေးကြမည် ဖြစ်သည်။

ခင်းကျင်းပြသ

ထို့အပြင် ညီလာခံ ကာလအတွင်း ဆေးကုမ္ပဏီကြီး ငါးခုတို့ကလည်း ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၃ရက်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရရှိသော မမှူးဟေသာခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်မတော်တဆမှု အန္တရာယ် ကင်းဝေးစေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရေးအတွက် ရေတို၊ ရေရှည် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော မော်တော်ယာဉ်များသည် စည်းကမ်းချိုးဖောက်မှုများအား ဆက်လက်ကျူးလွန် ဖောက်ဖျက်လျက်ရှိသဖြင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း ဖြူနီကျားရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းပိတ်ဆို့ ရပ်တန့်ခြင်းများ ကျူးလွန်ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဒလမြို့နယ် အထက(၂)တွင် ဟောပြောပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၈

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာန အထက(၂)ကျောင်းတို့ ပူးပေါင်း၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၆ရက် နံနက် ၁၀ နာရီက ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က**(အပေါ်ပုံ)** အဖွင့်အမှာစကားပြောကြားပြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် နိုင်ငံသားများ၏ တာဝန်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ဒလမြို့နယ်ရုံးစာကြည့်တိုက်အတွက် ဗီရို၊ စားပွဲ၊ ထိုင်ခုံရှည်များ လှူဒါန်းသော အေအမ်အိုင်အဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျောင်းသားကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစုကကြီးမှူး၍ အသက်(၇၀)နှင့်အထက် အငြိမ်းစားဆရာဆရာမကြီး ၄၆ ဦးတို့အား အဠမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အသီးသီးတို့မှ မြန်မာစာ ကျောင်းသားဟောင်းများတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်၊ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုးက ကျောင်းသူ မရည်မွန်ခြူးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်

ရွှေပြည်သာမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပဉ္စမတန်းတွင် ပထမဆုရ မမွေးပျံ့မင်းသူအား ကျောင်းအုပ်ဆရာကြီး ဦးလှရီက ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။ (၁၁၀)

ရေစကြို၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရေစကြို ဇန်နဝါရီ ၈

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများ၊ စာရေးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လပတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃၁ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လုပ်ငန်းအလိုက် ရှင်းလင်းပြောကြားဆွေးနွေးသည်။**(၀၆၉)**

9-1 (06).pmd 1 1/9/2009, 1:35 AM

ဇန်နဝါရီ ၇ရက်က အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများထံ အလှူရှင်ဦးဇော်ဦး(မန်နေဂျင်းဒါရိုက်တာ)နှင့် ဦးပြည့်စုံ(ဒါရိုက်တာ) ရှိန်အောင်ကုမ္ပဏီလီမိတက်တို့က ဧရာဝတီတိုင်း လေဘေးသင့်ဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၇၉၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

ခရမ်းအသင်း(ရန်ကုန်) ပညာသင်ဆုရွေးချယ်မည်

ရန်ကုန် ဇန်နဝါရီ ၈

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရေးကော်မတီ၏ ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်ဆုအတွက် ရွေးချယ်မည်ဖြစ်ရာ ၂၀၀၈ ခုနှစ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ပြီး အသက်မွေးဝမ်းကျောင်းပညာသင်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသော ခရမ်းသူ ခရမ်းသားများ၏ သားသမီးများမှ ချို့တဲ့နွမ်းပါးသည့် ကျောင်းသားကျောင်းသူများ အမှတ် ၀၀၁ တိုက် ၁၄/အေ-ဘီ ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်သို့ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

စုံစမ်းနိုင်

အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ပညာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်မိုဆွေ)ဖုန်း-၀၉-၅၀၀-၆၈၈၅၊ ဦးစိုးမြင့်(ခရမ်းစိုးမြင့်) ဖုန်း-၀၉-၅၀-၆၆၄၉၀နှင့် ဦးမြင့်လှိုင်(ခရမ်း) ဖုန်း-၀၉-၈၆-၄၅၅၅၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတုဗေဒ/ကုန်ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ (၁၉၇၄-၇၈) ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ပုလဲရတုမိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၄ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး ဦးရဲနိုင်ဝင်းက ကန်တော့ချီးတိုင်ပေးကာ ဆရာ ဆရာမကြီးများအား ကန်တော့ကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကာ(ယာပုံ) ဆရာကြီးဒေါက်တာမောင်ကျော်နှင့် ဒေါက်တာသိန်းအောင်တို့က ဩဝါဒစကားများ ပြောကြားပြီး ကျောင်းသူဟောင်း ဒေါ်သီဂီဝင်းနှင့်ဒေါ်မေအေးမြင့်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

(မြန်မာ့အလင်း)

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၈ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးသော ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး လီမိတက်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ (အောက်ပုံ)

ရောင်းချလျက်ရှိ

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ပုဂ္ဂလိကပြည်သူများ၏ အစုရှယ်ယာများကို၂၀၀၈ခုနှစ်ဧပြီလမှစတင်၍ သတင်းစာများမှ ကြေညာခေါ်ယူ ရောင်းချခဲ့ပြီး ဒီဇင်ဘာလအတွင်း ဒုတိယအကြိမ် ကြေညာရောင်းချလျက်ရှိကြောင်းသိရသည်။

ဆောင်ရွက်သွားမည်

အဆိုပါ လီမိတက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အများပြည်သူထည့်ဝင်ငွေများဖြင့် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရေးနှင့် အစုရှယ်ယာရှင်ပြည်သူများ အကျိုးခံစားခွင့်ရရှိစေရေးတို့ကို ဦးတည်ပြီး ဆန်၊ ပဲ ဝယ်ယူတင်ပို့ရောင်းချခြင်းလုပ်ငန်း၊ လေဘေးသင့် လပွတ္တာ၊ ဒေးဒရဲနှင့် ဘိုကလေးမြို့နယ်များတွင် လူနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် စိုက်ပျိုးရေးစံပြဇုန်ဖော်ထုတ်ရေးအတွက် တောင်သူလယ်သမားများနှင့် အကျိုးတူလုပ်ဆောင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျင်းပသွားမည်

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်အနေဖြင့် ၂၀၀၈ခုနှစ် ဧပြီ ၁ရက်တွင် စတင်သည့် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၀၀၉ခုနှစ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အထက(ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ကျောင်းကုန်း ဇန်နဝါရီ ၈

ချောင်ကြီးကျေးရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၁ နာရီတွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အပူဇော်ခံဆရာကြီး ဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ ဖော်ပြပါ ဖုန်းနံပါတ်များကို အချိန်မီဆက်သွယ်ကြရန်၊ ရပ်ဝေးရပ်နီးနေ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဦးမြကြိုင် (ချောင်ကြီးကျေးရွာ) ဖုန်း-၀၉-၈၅-၅၃၀၇၄ နှင့် ဦးသက်လွင် (ရှမ်းရွာကျေးရွာ) ဖုန်း-၀၉-၈၅-၇၂၅၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၄)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ကျောက်ထု၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ အစိုးရအထက်တန်းကျောင်းပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြတ်ရတနာခန်းမ၌ ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ကျင်းပရာ ကျောင်းအုပ်ကြီးဦးထွန်းသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်လင်းက ပွဲတော်ကျင်းပရေးလုပ်ငန်းရပ်များ၊ အောင်ချက်မြင့်မားရေး ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မင်းတပ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဆွေးနွေး

ခရိုင်အဆင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအတွက် အသိပေးဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀နာရီခွဲက မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မင်းတပ်ခရိုင် အတွင်းရေးမှူး ဦးပီကောက အမှာစကားပြောကြားပြီး မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာမော်ဝင်းက ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ (ခရိုင် ပြန်/ဆက်)

ဖလမ်း၌ ပင်မရေပိုက်လိုင်း သွယ်တန်းဆောင်ရွက်

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဒီဇင်ဘာ ၂၇ရက်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ဖလမ်းမြို့ အမှတ်(၂) ပင်မရေပိုက်လိုင်း သုံးလက်မပီဗွီစီပိုက်အရှည်ပေ ၃၀၀၀အစားထိုး သွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟာရဲနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးလာလ်တုပ်ထန်းတို့က ရှင်းလင်းတင်ပြကြသည်။ (ခရိုင် ပြန်/ဆက်)

ကန့်ဘလူမြို့နယ်ဆေးရုံ လုပ်ငန်းညှိနှိုင်းစည်းဝေး

ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေးကြွယ်တို့က အမှာစကားပြောကြားကြသည်။ (၀၂၇)

ညောင်ရွှေမြို့၌ သန့်ရှင်းသာယာရေး ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ ၂၅ရက်တွင် အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် အင်ဂျင်နီယာများ ကြီးကြပ်၍ ဝန်ထမ်းများက နဒီကန်မှ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ မြို့အဝင်ဆိုင်းဘုတ်ပတ်လည်၌ ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ (၀၂၁)

နွားထိုးကြီး မြို့နယ်ဆေးရုံအဆင့်မြှင့်တင်

နွားထိုးကြီးမြို့ရှိ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် နိုဝင်ဘာလမှစ၍ အဆင့်မြှင့်တင်လိုက်ပြီဖြစ်ရာ ဆရာဝန် ငါးဦး၊ သွားဆရာဝန် တစ်ဦး အပါအဝင် ဆရာမ ကျန်းမာရေးဝန်ထမ်း ၁၅ဦးနှင့် ကျန်းမာရေးစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိသည်။ (၀၉၂)

အောင်မြေသာစံ ထွေ/အုပ် လုပ်ငန်းများဆွေးနွေး

မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းသည် မန္တလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော် လိုက်ပါလျက် ဒီဇင်ဘာ ၁၁ရက် နံနက်က မန္တလေးအောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်စစ်ဆေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ရှောင်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ (၀၉၀)

မြို့သစ်မြို့၌ ကျောက်ချောလမ်းခင်း

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ရက်က ကွက်သစ်ရပ်တွင် ရွှေအင်ကြင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

မိုးကောင်း၌ ရုပ်တုနှင့်ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ဒီဇင်ဘာ ၁၉ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးကောင်းမြို့ အရှေ့ရပ်ကွက် ဦးဖိုးစောလမ်းနှင့် ပြည်ထောင်စုလမ်းဆုံ၌ စည်းလုံးခြင်းသည်အင်အား ရုပ်တုဆောင်ရွက်ပြီးစီးမှုနှင့် ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြသည်။ (၀၀၁)

ဆီဆိုင်မြို့မဈေး အသားငါးဆိုင်များရောင်းချမှု စစ်ဆေး

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဆီဆိုင်မြို့မဈေးကြီးအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဖွယ်ရာများ ဖြစ်စေရေးအတွက် အသားငါး ရောင်းချသောဆိုင်များ၌ ယင်လုံဆန်ခါဖြင့် စနစ်တကျ ဖုံးအုပ်ရောင်းချမှုကို ဒီဇင်ဘာ၁၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သားပျက်/သားလျှောကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေး

သားပျက်/သားလျှော ပြုစုကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို တန့်ဆည်မြို့နယ် မြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃ ရက် နံနက်၁၀နာရီတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမိမိခင်က သားပျက်/သားလျှောပြုစုကုသခြင်းနှင့်ပတ်သက်၍ လက်ရှိအခြေအနေကို သုံးသပ်တင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

တိုင်းပြည်ရဲ့နေရာဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ ရောက်ကြသားလို့ ရောက်ရာဒေသမှာ ကျရာတာဝန်ကို ထမ်းဆောင်ရင်း တစ်ဖက်ကလည်

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား စစ်မြတ်ထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ သင်တန်းသား နိုင်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာပေထူးချွန်ဆု ရရှိသူ သင်တန်းသား ချစ်ကိုကိုဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေ့မှ

ရဲဘော်တို့-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသား တပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနှင့် ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန်** ဖြစ်တယ်။

ရဲဘော်တို့-

ရဲဘော်တို့ကို လေ့ကျင့်သင်ကြားပေးဖို့အတွက် ဒီတက္ကသိုလ်မှာ ပညာရပ်ဆိုင်ရာဌာနပေါင်း နှစ်ဆယ်ကျော်ဖွင့်လှစ်ပေးထားတယ်။ အခြေခံဘာသာရပ်များအဖြစ် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒနဲ့ သတ္တဗေဒဘာသာရပ်တွေ၊ အထောက်အကူပြုဘာသာရပ်များအဖြစ် ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝကမ္မဗေဒ၊ အဏုဇီဝဗေဒနဲ့ ကွန်ပျူတာဘာသာရပ်တွေ၊ အဓိကဘာသာရပ်ကြီးများအဖြစ် ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသပညာတို့အပြင် သူနာပြုဘာသာရပ်နဲ့ ပတ်သက်လာရင် အရွယ်ရောက်ပြီးသူများ သူနာပြုစုမှုဘာသာရပ်၊ မိသားစုကျန်းမာရေး သူနာပြုစုမှုဘာသာရပ်၊ သူနာပြုစုမှု အထောက်အကူပြုဘာသာရပ်၊ ပြည်သူ့ကျန်းမာရေးသူနာပြုစုမှု ဘာသာရပ်၊ စိတ်ကျန်းမာရေးသူနာပြုစုမှုဘာသာရပ်တို့ကို စာပေညွှန်ကြားရေးမှူးရုံးနဲ့ ဆေးပညာသင်ကြားရေးဌာနတို့က ထိထိရောက်ရောက် သင်ကြားလေ့ကျင့်ပေးလျက်ရှိတယ်။ ထို့အတူပဲ သင်တန်းသားများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်စေဖို့ စာကြည့်တိုက်တစ်ခုကိုလည်း တည်ထောင်ပေးထားခဲ့တယ်။

ယခုဆိုရင် ဒီတက္ကသိုလ်က မွေးထုတ်ပေးပြီးခဲ့တဲ့ သင်တန်းသားပေါင်းဟာ ၁၀၃၄ဦးရှိခဲ့ပြီး ရဲဘော်တို့အပါအဝင်ဆိုရင် ၁၁၄၃ဦးအထိ ရှိလာမှာဖြစ်တယ်။

သင်တန်းဆင်းများအနက် ဘာသာရပ်အလိုက် ခွဲခြားကြည့်ရင် သူနာပြု ၉၃၅ဦး၊ ရောဂါရှာဖွေရေး ၅၄ဦး၊ ဓာတ်မှန်ရိုက် ၅၂ဦး၊ ကာယကုသ ၄၆ဦးနဲ့ ဆေးဝါးကျွမ်းကျင် ၅၆ဦးတို့ ပါဝင်လျက်ရှိတယ်။

ရဲဘော်တို့-

ရဲဘော်တို့ရဲ့ နောင်တော်ကျောင်းဆင်းများဟာ ဒို့တာဝန်အရေးသုံးပါး အပေါ် ခိုင်မာစွာယုံကြည်ခြင်း၊ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံအောင်အားထုတ်ကြိုးပမ်းလျက်ရှိခြင်း၊ မိမိတို့ရဲ့ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆက်လက်လေ့လာဆည်းပူးလိုစိတ်ပြင်းပြခြင်း၊ **'ဝါသနာ၊ စေတနာ၊ အနစ်နာ'** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း တာဝန်ကျေပွန်ခြင်းတို့ကြောင့် ဂုဏ်သတင်းကောင်းမွန်လျက်ရှိတယ်။ ဘာသာရပ်ဆိုင်ရာ ဆက်လက် ဆည်းပူးလေ့လာမှုနဲ့ပတ်သက်လာရင် သင်တန်းအမှတ်စဉ်(၁)က သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိသူ တစ်ဦးရှိပြီးတဲ့အပြင် လက်ရှိမဟာတန်းကို ဆက်လက် တက်ရောက်နေသူ စုစုပေါင်းဟာ ၁၈ဦးရှိနေပြီဖြစ်တယ်။ ထူးချွန်သူများဟာ ပါရဂူဘွဲ့အသီးသီးကို ဆွတ်ခူးနိုင်ဖို့အတွက် အခွင့်အလမ်းတွေရကြဦးမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့လဲ အမိတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်ဖို့ အမြဲအာရုံထားပြီး ကြိုးစားကြပါလို့ ဦးစွာပထမ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တာဝန်အရေးသုံးပါးနဲ့ ပတ်သက်ပြီး ရှင်းလင်း ပြောကြားရရင် **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**ဆိုတဲ့ အရေးသုံးပါးဟာ ဒို့နိုင်ငံတော်အတွက် သမိုင်းကပေးတဲ့ အမျိုးသားရေးတာဝန်တွေပဲဖြစ်တယ်။ ယနေ့ ကမ္ဘာ့ဖြစ်စဉ် ဖြစ်ရပ်တွေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလို့ အချင်းချင်း စစ်မက်ဖြစ်ပွားရာက ပြည်ပရဲ့ဝင်ရောက်စွက်ဖက်မှုကြောင့် ပြည်ထောင်စုပြိုကွဲပြီး အင်အားချည့်နဲ့သွားတဲ့နိုင်ငံတွေ၊ အချုပ်အခြာအာဏာကို လက်လွှတ်ပြီး ရုပ်သေး အစိုးရဖြစ်သွားတဲ့ သာဓကတွေကို သင်ခန်းစာယူဖွယ်ရာ တွေ့ရှိရလိမ့်မယ်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

ဒို့တိုင်းရင်းသားတွေရဲ့ မူလဇာတိကို ပြန်
အထောက်အထားတွေအရ လွန်ခဲ့တဲ့နှစ်သန်းပေါ
လူသားမျိုးနွယ်တွေဟာ ဒို့နိုင်ငံမှာရှင်သန်ပေါက်ဖွာ
သို့သော်လဲ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ ဒို့နို
အမျိုးမျိုးသောရာသီဥတုတွေကြောင့် ပြောဆိုတဲ့
ဆင်ယင်မှုနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ဒေသအ
တိုင်းရင်းသားမျိုးနွယ်စုတစ်ရာကျော်ရယ်လို့ ဖြ

ဒါပေမယ့် အသီးတစ်ရာ အညှာတစ်ခုဖြစ်
သွေးကပြောတဲ့ အသိတရားနဲ့ စည်းလုံးချစ်ခင်စွာ
ခဲ့ကြတာဖြစ်တယ်။ နိုင်ငံတော်အတွင်း လွတ်လွတ်
ပြီး လုပ်ကိုင်စားသောက်ခဲ့ကြတယ်။ ဒါကြောင့်လဲ
ဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ ရောကိ
တစည်းတလုံးတည်း နေထိုင်လျက်ရှိကြတယ်။
အတွက် ဘယ်လိုမှ ခွဲခြားလို့မရနိုင်သော်လည်း
သမိုင်းဆရာတွေရဲ့ သွေးထိုးလုပ်ကြံမှုတွေကြောင့်
မှာပဲ သူတစ်လူ ငါတစ်မင်း စိတ်ဓာတ်တွေ

ဒါကြောင့်လဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ
လွတ်လပ်ရေးကို ရယူခဲ့ရတယ်ဆိုတာ ရဲဘော်တ

ရဲဘော်တို့-

လွတ်လပ်ရေးပင် ရငြားသော်လဲ သွေးစည
လက်နက်ကိုင်ဆန့်ကျင်မှုတွေဟာ အများအပြား

တစ်ပြည်လုံးမှာ လက်နက်ကိုင်ဆန့်ကျင်မှုတွေ
ဆောင်ရွက်နိုင်စွမ်းမရှိ ဖြစ်ခဲ့ရတယ်။ လမ်းတံ
ရတယ်။ ထို့အတူပဲ စာသင်ကျောင်းတွေ ဖျက်
မလာရဲ ဖြစ်တာကြောင့် နယ်စွန်နယ်ဖျားဒေသနေ
ဒါကြောင့် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်ဖွံ့

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ တာဝန်က
အရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုး တိုးတ
လက်ညှိုးထိုး မလွဲအောင် တည်ဆောက်ပေးထာ
ကြိုးပမ်းရာမှာ တိုင်းရင်းသား လက်နက်ကိုင်အ
ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်
ငြိမ်းချမ်းမှုရဲ့ အရသာကို ခံစားနေကြရပြီဖြစ်တ

ဒါကြောင့် သမိုင်းရဲ့ခါးသီးတဲ့ အတွေ့အ
နိုင်ငံသားတိုင်းက အမျိုးသားရေးဝါဒအဖြစ် စွဲ

ရဲဘော်တို့-

လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝမှုနဲ့ပတ်သက်
အတူယှဉ်တွဲ ပြည့်စုံရမယ့် အရည်အသွေးတွေပဲဖြစ်
ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ကြံ့ခိုင်သန်စွ
ရန်သူကို ချေမှုန်းလိုတဲ့ စိတ်ဓာတ်လဲရှိရမယ်။
နိုင်သလို လိုအပ်ရင် တပ်ကိုကိုင်တွယ်ပြီး တိုက်
ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင
ပေးဦးမှာ ဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ
တိုက်ပွဲဝင်ခဲ့ကြလို့ သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့
ခန္ဓာကို စွန့်လှူထားပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ မိုက်
တပ်ရင်းများနဲ့ တွဲဖက်ပြီး စစ်မြေပြင် ဆေးအက
တို့ဟာ တိုက်ခိုက်ရေးအတွေ့အကြုံတွေကို လိုလို
လိုတယ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် ပြာသိုလဆန်း ၁၄ ရက် (အဖိတ်နေ့)

၉-၁-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇း၅၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၈း၂၀ ၈။ **အဲဒီမှာစတွေ့တာပဲ** မင်းအုပ်စိုး၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၈း၃၀ ၉။ International News
- ၈း၄၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၅၀ ၁၁။ အကပြိုင်ပွဲ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၃၀ ၃။ တေးဂီတအစီအစဉ်
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၅း၃၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅း၅၀ ၉။ စိုက်ပါပျိုးပါမြန်မာ့မြေလွှာ ဝင်ငွေလည်းရဝမ်းလည်းဝ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၄၂)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၂)
- ၁၈။ အစီအစဉ်ပြီး၏။

... ရေကိုသားလို့ အကြားမထင်သလို တစည်းတလုံးတည်းနေထိုင်လျက်ရှိ
တစ်ဖက်ကလည်း မိဘပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေး

ရဲဘော်တို့-

ဒို့တိုင်းရင်းသားတွေရဲ့ မူလဇာတိကို ပြန်ကြည့်ရင် တူးဖော်တွေ့ရှိတဲ့ အထောက်အထားတွေအရ လွန်ခဲ့တဲ့နှစ်သန်းပေါင်း လေးဆယ်ကတည်းက လူသားမျိုးနွယ်တွေဟာ ဒို့နိုင်ငံမှာရှင်သန်ပေါက်ဖွားနေထိုင်ခဲ့ကြတာ ဖြစ်တယ်။ သို့သော်လဲ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ ဒို့နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ အမျိုးမျိုးသောရာသီဥတုတွေကြောင့် ပြောဆိုတဲ့ ဘာသာစကား၊ ဝတ်စားဆင်ယင်မှုနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ဒေသအလိုက် ကိုယ်စီရှိလာခဲ့ကြပြီး တိုင်းရင်းသားမျိုးနွယ်စုတစ်ရာကျော်ရယ်လို့ ဖြစ်ပေါ်လာခဲ့တယ်။

ဒါပေမယ့် အသီးတစ်ရာ အညှာတစ်ခုဖြစ်တဲ့ ဒို့တိုင်းရင်းသားတွေဟာ သွေးကပြောတဲ့ အသိတရားနဲ့ စည်းလုံးချစ်ခင်စွာ အေးအတူပူအမျှ နေထိုင်လာခဲ့ကြတာဖြစ်တယ်။ နိုင်ငံတော်အတွင်း လွတ်လွတ်လပ်လပ် ရွှေ့ပြောင်း နေထိုင်ပြီး လုပ်ကိုင်စားသောက်ခဲ့ကြတယ်။ ဒါကြောင့်လဲ ဒို့တိုင်းပြည်ရဲ့ နေရာတိုင်း၊ ဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ ရေကိုသားလို့ အကြားမထင်သလို တစည်းတလုံးတည်း နေထိုင်လျက်ရှိကြတယ်။ တစ်ကန့်စီနေတာ မဟုတ်တဲ့အတွက် ဘယ်လိုမှ ခွဲခြားလို့မရနိုင်သော်လည်း နယ်ချဲ့ရဲ့သွေးခွဲခံရမှု၊ နယ်ချဲ့သမိုင်းဆရာတွေရဲ့ သွေးထိုးလုပ်ကြံမှုတွေကြောင့် နယ်ချဲ့လက်အောက်ခံဘဝမှာပဲ သူတစ်လူ ငါတစ်မင်း စိတ်ဓာတ်တွေ ကိန်းအောင်းခဲ့ကြရတယ်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ညှော်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားသုံးဦးနှင့် မိဘများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒါကြောင့်လဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းပြီးမှ လွတ်လပ်ရေးကို ရယူခဲ့ရတယ်ဆိုတာ ရဲဘော်တို့အသိပဲ ဖြစ်တယ်။

ရဲဘော်တို့-

လွတ်လပ်ရေးပင် ရငြားသော်လဲ သွေးစည်းညီညွတ်မှုကို အပြည့်အဝ မရခဲ့တာကြောင့် လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ဆန့်ကျင်မှုတွေဟာ အများအပြားပေါ်ပေါက်ခဲ့တယ်။

တစ်ပြည်လုံးမှာ လက်နက်ကိုင်ဆန့်ကျင်မှုတွေ အများအပြားဖြစ်ပေါ်နေတာကြောင့် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်စွမ်းမရှိ ဖြစ်ခဲ့ရတယ်။ လမ်းတံတားတွေဟာ ရှေ့ကဆောက် နောက်ကဖျက်နဲ့ အရာမထင်ဖြစ်ခဲ့ရတယ်။ ထို့အတူပဲ စာသင်ကျောင်းတွေ ဖျက်ဆီးခြင်းခံရပြီး ပညာရေးနဲ့ ကျန်းမာရေး ဝန်ထမ်းတွေလဲ မသွားရဲ မလာရဲ ဖြစ်တာကြောင့် နယ်စွန်နယ်ဖျားဒေသနေ တိုင်းရင်းသားတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးမှာ အထူးထိခိုက်ခဲ့ရတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဟာ နောက်ကျကျန်ခဲ့ရတာဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ တာဝန်ကို ယူလိုက်ရတဲ့ အချိန်ကစပြီး နယ်စပ်ဒေသများပါမကျန် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကို တစ်ပြည်လုံးမှာ လက်ညှိုးထိုး မလွဲအောင် တည်ဆောက်ပေးထားပြီး ဖြစ်တယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရာမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြားဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်လျက်ရှိကြတယ်။ ယခုအချိန်မှာ တိုင်းရင်းသားပြည်သူတွေဟာ ငြိမ်းချမ်းမှုရဲ့ အရသာကို ခံစားနေကြရပြီဖြစ်တယ်။

ဒါကြောင့် သမိုင်းရဲ့ခါးသီးတဲ့ အတွေ့အကြုံမျိုးတွေ ပြန်လည်မပေါ်ပေါက်ရအောင် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေးဝါဒအဖြစ် စွဲမြဲစွာခံယူကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝမှုနဲ့ပတ်သက်လို့ ဆက်လက်ပြောကြားလိုတယ်။ လက်ရုံးရည်နဲ့ နှလုံးရည်ဆိုတာ အတူယှဉ်တွဲ ပြည့်စုံရမယ့် အရည်အသွေးတွေပဲဖြစ်တယ်။ မျိုးချစ်တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ကြံ့ခိုင်သန်စွမ်းပြီး စစ်ပညာ တတ်မြောက်ရမယ်။ ထို့အတူပဲ သတ္တိ ဗျတ္တိရှိပြီး ရန်သူကို ချေမှုန်းလိုတဲ့ စိတ်ဓာတ်လဲရှိရမယ်။ စစ်မြေပြင်မှာ ကိုယ်တတ်ကျွမ်းတဲ့ ဆေးပညာနဲ့ တာဝန်ထမ်းဆောင်နိုင်သလို လိုအပ်ရင် တပ်ကိုကိုင်တွယ်ပြီး တိုက်ပွဲဝင်နိုင်စွမ်းရှိရမယ်။ ဒါကြောင့် ရဲဘော်တို့ကို အဆင့်နဲ့လျော်ညီစွာ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေမှာ ဆက်လက် လေ့ကျင့်ပေးဦးမှာ ဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက စစ်မြေပြင်မှာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြလို့ သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်တွေရခဲ့ကြတဲ့ သာဓကရှိတယ်။ တိုင်းပြည်အတွက် အသက်နဲ့ ခန္ဓာကို စွန့်လွှတ်ထားပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ မိုက်ရူးရဲမဟုတ်ဘဲ မှန်ကန်တဲ့စွန့်လွှတ်စွန့်စားရဲမှုမျိုး ရှိရမယ်။ ခြေလျင်တပ်ရင်းများနဲ့ တွဲဖက်ပြီး စစ်မြေပြင် ဆေးအကာအကွယ်ပေးရေး တာဝန်တွေကို ထမ်းဆောင်ကြရမှာဖြစ်တဲ့ ရဲဘော်တို့ဟာ တိုက်ခိုက်ရေးအတွေ့အကြုံတွေကို လိုလိုလားလား ရယူမယ်ဆိုတဲ့ တပ်မတော်သားကောင်း စိတ်ဓာတ်ရှိကြဖို့ လိုတယ်။

ရဲဘော်တို့-

တပ်မတော်သားကောင်းများ ဖြစ်ကြဖို့အတွက် ရဲဘော်တို့ဟာ စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြရမယ်။ ထို့အတူပဲ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုတဲ့ တပ်တိုင်း၊ ရဲဘော်တိုင်းမှာရှိရမယ့် **အခြေခံအရည်အချင်းငါးပါး**နဲ့လဲ ပြည့်စုံရမယ်။ **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်**ကို ဆက်လက်သယ်ပိုးလိုစိတ်ရှိရမယ်။ ဒါမှသာ **စစ်တိုက်ရန်၊ လေ့ကျင့်ရန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း လုပ်ရန်**ဆိုတဲ့ ဒို့တပ်မတော်ရဲ့ အဓိက တာဝန်ကြီးသုံးရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာ ဖြစ်တယ်။

ထို့အတူပဲ မိမိတို့ထမ်းဆောင်ရတဲ့ ဆေးပညာနဲ့ပတ်သက်ရင်လဲ ထူးခြားတဲ့ အတွေ့အကြုံတွေကို မှတ်တမ်းတင်ထားရမယ်။ မသိနားမလည်သေးတဲ့ ဘာသာရပ်ဆိုင်ရာ အခက်အခဲတွေတွေ့ရင် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေဆီကနေ လေ့လာရမယ်။ ဒါ့အပြင် မိမိဆေးအကာအကွယ်ပေးရတဲ့ တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေ၊ မိဘပြည်သူတွေနဲ့ပတ်သက်လာရင် တစ်ဦးချင်းရဲ့ ကျန်းမာရေးမှတ်တမ်းတွေကို မမေ့မလျော့ လေ့လာမှတ်သားထားပြီး အစဉ်တစိုက် စောင့်ရှောက်မှုမျိုးကို ဆောင်ရွက်ပေးရမယ်။

ရဲဘော်တို့-

ယနေ့တပ်မတော်ဟာ နိုင်ငံတစ်ဝန်းလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်းကြီးသုံးရပ်နဲ့ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိတယ်။ အဲဒီစီမံကိန်းကြီးသုံးရပ်ကတော့ **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** တို့ပဲ ဖြစ်တယ်။ ရဲဘော်တို့ဟာ ရောက်ရာဒေသမှာ ကျရာတာဝန်ကို ထမ်းဆောင်ရင်း တစ်ဖက်ကလဲ မိဘပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီး(၃)ရပ်ရဲ့ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍမှာ ပါဝင်ထမ်းဆောင်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးအားဖြင့် မှာကြားရရင်-

- **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အသက်ပေးကာကွယ်စောင့်ရှောက်ကြပါ။**
- **လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်ဝတဲ့ တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ။**
- **စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြပါ။**
- **တပ်တိုင်း၊ ရဲဘော်တိုင်းမှာ ရှိရမယ့် အခြေခံအရည်အချင်းငါးပါးနဲ့ ပြည့်စုံအောင် ကြိုးစားကြပါ။**
- **စစ်မြေပြင် အတွေ့အကြုံ ကြွယ်ဝအောင် ဖြည့်ဆည်းကြပါ။**
- **မိဘပြည်သူတွေကို လုပ်ကျွေးပြုစုရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြပါ။**
- **သူနာပြုနဲ့ ဆေးဝါးပညာဆိုင်ရာမှာ ပါရဂူမြောက်ကျွမ်းကျင်အောင် ဆက်လက်လေ့လာ ဆည်းပူးကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း — သန်းသန်းန ကိုးကားတင်ပြသည်

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌ လေပြင်းကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

ရန်ကုန် ဇန်နဝါရီ ၈

ဇန်နဝါရီ ၉ရက်(ယနေ့)ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၉ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

အပူချိန်

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့သည်။ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့၌ ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၌ ၃ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

ကြက်ခြေနီ လူငယ်ခေါင်းဆောင်သင်တန်းဖွင့်ပွဲ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ကြက်ခြေနီလူငယ်ခေါင်းဆောင်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ၂၉ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေရှိ အဏ္ဏဝါသိပ္ပံဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်(အောက်ယာပုံ)နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အမှုဆောင်ဦးထွန်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ပို့ချမည်

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိတက္ကသိုလ်အသီးသီးတို့မှကြက်ခြေနီတပ်ဖွဲ့ဝင်၆၀တို့တက်ရောက်ကြပြီး ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်နှင့် နည်းပြဆရာများက သင်တန်းပို့ချကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ဘောဂလိမြို့၌ကျင်းပ

ဘောဂလိ ဇန်နဝါရီ ၈

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဘောဂလိမြို့၌ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းက ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကောင်းမြတ်နှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများတက်ရောက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီ၊ ကလေးပြိုင်ပွဲနှင့်အားကစားပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေပြည်သာမြို့နယ် ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းကို မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၂ရက်က ကျင်းပသည်။ **(အောက်ပုံ)**

ဖတ်ကြားဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက ဇန်နဝါရီ ၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် တက္ကသိုလ်မြတ်သူ၏ လွတ်လပ်ရေး၏အရသာ၊ လွတ်လပ်ရေး၏အကျိုးကျေးဇူး အဖြာဖြာနှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်သိင်္ဂီကြိုင်က ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် လှိုင်အောင်၏ မောင်တို့ ကြားကြကုန်လော့၊ မယ်တို့ ကြားကြကုန်လော့ ဆောင်းပါးတို့ကို ဖတ်ကြားဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်မင်္ဂလာအဝေးပြေး-ကျောက်တန်းယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်းဌာနခွဲ(၂)၏ အောင်မင်္ဂလာ (အဝေးပြေး)၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရေကြောင်းတက္ကသိုလ်-ကျောက်တန်းခရီးစဉ် ယာဉ်လိုင်းသစ်တိုးချဲ့ပြေးဆွဲခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျောက်တန်းမြို့ လမ်းသစ်လမ်းရှိ ကျောက်တန်း မထသရုံးခန်းတွင် ကျင်းပသည်။ **(ဝဲပုံ)** **(၁၁၅)**

မီး သတိပြု

မကွေးမြို့၌ အမှိုက်များကင်းစင်ရေး စုပေါင်းဆောင်ရွက်

မကွေး ဇန်နဝါရီ ၈

မကွေးမြို့ တိုင်းပြည်သူ့ဆေးရုံကြီးရှေ့ ရေစီးရေလာကောင်းမွန်ရေးနှင့် အမှိုက်များ ကင်းစင်ရေးအတွက် ဒီဇင်ဘာ ၂၇ရက်က ရပ်ကွက်ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦးနှင့် ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငယ်ရွယ်သူတိုင်း ကြည့်ရမည့် ငယ်သူမို့မသိပါ ဇာတ်ကားသစ်ရုံတင်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၈

မစန္ဒာ၏ ဝတ္ထုကို ဒါရိုက်တာအိအိခိုင်ကိုယ်တိုင် ဇာတ်ညွှန်းခွဲရိုက်ကူးထားသည့် ငယ်သူမို့မသိပါ ဇာတ်ကားသစ် ယနေ့ရုံဝင်လာသည်။

နွယ်နွယ်ခိုင်ဆိုသော ဂျစ်ကန်ကန် တက္ကသိုလ်ကျောင်းသူလေး တစ်ယောက် နွေကျောင်းပိတ်ရက်တွင် အရီးနန်းမြတို့ ပန်လွယ်ရွာလေးသို့ အလည်ရောက်လာသည်။ ငွေကိုရေလိုသုံးနေသဖြင့် ငွေတန်ဖိုးနားလည်ရန် မိဘများက ရွာသို့ပို့လိုက်ခြင်း ဖြစ်သည်။

ငယ်သူမို့မသိပါ

ရွာရောက်တော့ စောကြာဒိုး၊ ဖိုးသံချောင်း၊ ခမ်းလုံလေးဆိုသော ကလေးတို့နှင့် အပေါင်းအသင်းဖြစ်ကာ ပန်လွယ်ချောင်းထဲက ငါးဖမ်းသည်။ တောထဲက ယုန်လိုက်သည်။ ငှက်ပစ်သည်။ လစ်လျှင်လစ်သလို ခြံထဲက အသီးအနှံတွေခူးစားသည်။ ပိုက်ဆံမပေးသော မိဘကိုအရွဲ့တိုက်ကာ တစ်နေ့ ကျပ် ၂၀၀နှင့် သန့်ရှင်းရေးဝင်လုပ်သည်။ နွယ်နွယ်ခိုင်ဆိုသော ဂျစ်တူးက မိဘကိုအရွဲ့တိုက်ပြီး တစ်နေ့ ကျပ်၂၀၀ နှင့် သန့်ရှင်းရေးလုပ်သော်လည်း ရွာက ဖိုးသံချောင်းနှင့် စောကြာဒိုးတို့က ရည်ရွယ်ချက်နှင့် ငွေစုကြသည်။ တစ်ဦးက အိမ်ကြီးကြီးလိုချင်လို့၊ နောက်တစ်ဦးက ကားကြီးစီးချင်လို့ အလုပ်လုပ်ကြခြင်းဖြစ်သည်။ လူချင်းတူသော်လည်း ဘဝချင်း မတူ၍ ရည်ရွယ်ချက်ချင်း မတူကြပုံကို ပါးပါးလေး ရိုက်ပြထားသည်။ လုပ်အားတန်ဖိုး ချစ်မြတ်နိုးစိတ်၊ ငွေကို တန်ဖိုးထားလိုစိတ်ကို ပိုပီပြင်အောင် ရိုက်ကူးနိုင်မည်ဆိုပါက အပြစ်ပြောစရာ မရှိသော ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

အကယ်ဒမီရှော့ မှ **အိန္ဒြာကျော်ဇင် နှင့် ချောရတနာ။**

သို့သော် **ငယ်သူမို့မသိပါ** တွင် ချစ်သုဝေ အကောင်းဆုံး သရုပ်ဆောင်သွားနိုင်သည်။ ချစ်သုဝေကို မှန်တေတေဂျစ်ကန်ကန် ပုံစံလည်း တွေ့ရသည်။ ရိုးသားပွင့်လင်းသော အပြစ်ကင်းကင်း အသွင်လည်း မြင်ရသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာလည်းရှိသည်။ ချစ်သုဝေ၏ ပထမဦးဆုံး သရုပ်ဆောင်ဘဝမှာ ဇာတ်ကောင်စရိုက် ပီပြင်အောင် သရုပ်ဆောင်နိုင်သည့် သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ကြောင်း ပြသနိုင်ခဲ့သည်ဇာတ်ကောင်စရိုက်နှင့် လိုက်ဖက်သည့် ဇာတ်ကောင်ရွေးချယ်မှု မှန်ကန်မှုကြောင့် ဇာတ်လမ်းက ပိုပြီးအသက်ဝင်နေခြင်းဖြစ်သည်။ ငယ်ရွယ်သူတိုင်းကြည့်သင့်သော **ငယ်သူမို့ မသိပါ** ကို သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ကြည့်ရှုနိုင်သည်။

အကယ်ဒမီရှော့

ဒါရိုက်တာညီညီထွန်းလွင်၏ **အကယ်ဒမီရှော့** ဇာတ်ကားမှာ မြို့လယ် ရှော့ဆောင်၊ စံပြရုံများနှင့် မြို့ပတ်ရွေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကား

ဒါရိုက်တာ အိုလီဗာ၏ **TRANS PORTER-3** မှာ နေပြည်တော်ရုံတွင်ပြသနေဆဲဖြစ်ပြီး အကယ်ဒမီဆုရအင်္ဂလိပ်စာတန်းထိုးအိန္ဒိယဇာတ်ကား **AAN** မှာ မြို့မရုံတွင် ပြသနေသည်။ ယင်းဇာတ်ကားတွင် ဆူနီးလ်ရှက်သီး၊ အက်ရှ်ရှေးကူးမား၊ဂျက်ကီ ရှရွတ်တို့ အဓိကပါဝင်ထားသည်။ ဘုရင့်ရုံတွင် **CHAMPION** အက်ရှင် ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆန်နီဒိုးလ်၊ ရာဟူးလ်ဒိဗ်တို့ ပါဝင်ထားသည်။

ငယ်သူမို့မသိပါ**ဇာတ်ကားမှ လူမင်း၊ ချစ်သုဝေနှင့် အပေါင်းအသင်းများ။**

ဆက်ရန်ရှိသေးသည်

ခန့်စည်သူ၊ မင်းဟိဏ်း၊ ကျော်ဇောဟိန်း၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ဝိုင်းစုခိုင်သိန်းနှင့် ပန်ဆုပြည့်ကျော်တို့ပါဝင်ထားသော **ဆက်ရန်ရှိသေးသည်** ဒီဗွီဒီ ဇာတ်ကားမှာ ရွှေဗဟိုရ်၊ဘုရင့်နောင်၊ရှောဝတီနှင့် ရတနာပုံရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင် ရေးသားပါဝင်ရိုက်ကူးထားသည့် **စက္ကူငှက်** ဒီဗွီဒီ ဇာတ်ကားကိုတော့ မြရတနာရုံတွင် ဆက်လက်ကြည့်ရှုနိုင်သည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၈ - ၂၀၀၉ ပညာသင်နှစ် ဘက်စုံဆုနှင်းသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် (၁၁)ကြိမ်မြောက် ဘက်စုံပညာ ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့်ဇနီး၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ရန်ကုန် ပညာရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာလွင်လွင်စိုးနှင့် ဒေါက်တာမျိုးတင့်၊ ရန်ကုန် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာနန္ဒာထွန်းနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တမတန်း ကျောင်းသူလေးများက အပျိုတော် အလှပခန်းအက၊ နဝမတန်းနှင့် သတ္တမတန်းတို့မှ ကျောင်းသား ကျောင်းသူလေးများ၏ တယောလက်စွမ်းပြတီးခတ်မှု၊ သုငယ်တန်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ၏ 'ကောင်းသတင်းများနှင့် TTC' အဆိုအကနှင့် ဆဋ္ဌမတန်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက ခေတ်သုံးခေတ်နှစ်ပါးသွားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆုများပေးအပ်

ထို့နောက် ဆရာ ဆရာမများ ကျောင်းတက် ရက်မှန်ဆု၊ နိုင်ငံတကာအဆင့် (ASEAN) ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဗဟိုအဆင့် အင်္ဂလိပ်၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ၊ တိုင်းအဆင့် အင်္ဂလိပ်၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ၊ ဘာသာရပ် စွမ်းရည်ပြိုင်ပွဲ၊ သင်္ချာအိုလံပစ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ ဘက်စုံပညာ ထူးချွန်ဆု၊ စာပေဘာသာရပ် ထူးချွန်ဆု၊ စာပေဘာသာရပ်အလိုက် ထူးချွန်ဆုနှင့် ခရိုင်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက လူချွန်လူကောင်း တေးသရုပ်ဖော် အက၊ သုငယ်တော်အက၊ လူပြက်ကလေး မောင်ရွှေရိုးနှင့် ချစ်စပယ်အက၊ မမပုသိမ်သူ တေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်အဆင့် ပြိုင်ပွဲများတွင် အတန်းလိုက် စာပေဘာသာရပ်အားလုံး ထူးချွန်ဆု၊ ဘက်စုံပညာထူးချွန်ဆု၊ စာပေဘာသာရပ်အလိုက် ထူးချွန်ဆုနှင့် ကျောင်းလုပ်ငန်း ထူးချွန်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက မိုးဇာပြောအက၊ ဒီအရွယ် တင့်တင့်တို့အရွယ် တေးသရုပ်ဖော်အက၊ နန်းတွင်းယိမ်းအကနှင့် ရှေးရေစက် တေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အတန်းအလိုက် ဘက်စုံပညာနှင့် စာပေဘာသာရပ်အလိုက် ထူးချွန်ဆုရရှိကြသူများ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲ၊ စာစီစာကုံး၊ ပေးစာပြိုင်ပွဲ၊ မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ကျောင်းတက် ရက်မှန်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုနှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်အဆင့်နှင့် ကျောင်းတွင်း ဘက်စုံပညာနှင့် စာပေဘာသာရပ်အလိုက် ထူးချွန်ဆုရရှိကြသူများ၊ ပန်းချီ၊ စာစီစာကုံးနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အတန်းအလိုက် ကျောင်းတက် ရက်မှန်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် (၁၁)ကြိမ်မြောက် ဘက်စုံပညာ ဆုနှင်းသဘင်အခမ်းအနားတွင် ကျောင်းသူလေးများက ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ရေတာရှည်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

■ ကျော်ဖုံးမှ

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို မည်သို့တိုက်ဖျက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေးအတွက် ယင်းဂြိုဟ်တုကို အာကာသအတွင်း လွှတ်တင်ရန် စီစဉ်ခြင်းဖြစ်သည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှုစောင့်ကြည့်ရေး ဂြိုဟ်တု(ဂိုဆက်)ကို ဂျပန်နိုင်ငံက လာမည့် ဇန်နဝါရီ ၂၁ရက်၌ လွှတ်တင်ရန် စီစဉ်ထားသည်။

သတင်းအချက်အလက်

ကမ္ဘာ့မြေမျက်နှာပြင်အပေါ် လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအနေဖြင့် မည်မျှထုထည်ကြီးမားပြီး သိပ်သည်းနေသည်ကို သုတေသနပညာရှင်များ တွက်ချက်သုံးသပ်နိုင်ရန် ဂိုဆက်ဂြိုဟ်တုက သတင်းအချက်အလက်များကို ထုတ်ပြန်ပေးသွားနိုင်မည် ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်အောင် အကျိုးသက်ရောက်စေသည့် ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုနှင့်ပတ်သက်ပြီး ကမ္ဘာ့ဒေသအသီးသီး၏ မြေမျက်နှာပြင် အပေါ်ယံလေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဖြစ်တည်နေမှု အတိုင်းအဆကိုလည်း စနစ်တကျစောင့်ကြည့်တွက်ချက်ရန် လိုအပ်သည်ဟု ဂျပန် အာကာသလေ့လာရေးအေဂျင်စီ (ဂျာဆာ)က ပြောကြားသည်။

ထို့အပြင် ပင်လယ်နှင့် သမုဒ္ဒရာအထက် ဝေဟင်တွင်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပမာဏ မည်မျှရှိသည်ကိုလည်း ဂိုဆက်ဂြိုဟ်တုက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်လွှတ်လျက်ရှိသည့် ဖန်လုံအိမ်အာနိသင်များကို ဂိုဆက်ဂြိုဟ်တုတွင် တပ်ဆင်ထားသော အနီအောက်ရောင်ခြည်ဖြင့် မှတ်တမ်းတင်ကာ သုတေသနပညာရှင်များ သုံးသပ်ဆုံးဖြတ်နိုင်အောင် သတင်းအချက်အလက်များ အတိအကျပေးသွားမည် ဖြစ်သည်။

ပေးပို့မည်

တစ်ဖန် အာကာသတွင်း ရာသီဥတုကောင်းမွန်ချိန်၌ ဖြစ်ပေါ်နေသည့်အနေအထား၊ ရာသီဥတုဆိုးရွားချိန် ဖြစ်ပေါ်နေသည့်အခြေအနေ၊ တိမ်များ၏ ပြောင်းလဲမှုပုံသဏ္ဍာန်များကို အဆိုပါ ဂိုဆက်ဂြိုဟ်တုက အသေးစိတ်အချက်အလက်များရယူကာ မြေပြင်စခန်းသို့ ပေးပို့သွားမည်ဖြစ်သည်။

ဂိုဆက်ဂြိုဟ်တုက အချက်အလက်များကို စုဆောင်းရယူသည့်အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကို အနီးကပ်ဆုံး သုံးသပ်ပေးမည်ဖြစ်ရာ မြေပြင်စခန်းမှ သုတေသနပညာရှင်များ ဆုံးဖြတ်ချက်ချနိုင်အောင် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

စုဆောင်း

ဂိုဆက်ဂြိုဟ်တုကို အာကာသအတွင်း လွှတ်တင်ပြီး ချက်ချင်းအသုံးပြု၍ မရသေးချေ။ အနည်းဆုံး တစ်လခန့်ကြာမှ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ဆိုင်ရာ အချက်အလက်များကို စုဆောင်းမည်ဖြစ်သည်။ ထို့နောက် ပြည့်စုံသော သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ပေးပို့မည်ဖြစ်သည်ဟု ဂျပန် သုတေသနပညာရှင်များက ပြောကြားသည်။

ထိုသို့သော အသေးစိတ်အချက်အလက်များအပေါ် အခြေခံကာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေး ကြိုးစားသွားမည် ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

အခြေခံကွန်ပျူတာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Basic Computer သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ကို ဇန်နဝါရီ ၂၄ရက်မှစတင်၍ သုံးလကြာ ဖွင့်လှစ် သင်ကြားမည် ဖြစ်သည်။

သင်တန်းသူ ၁၅ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်း အားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ တွင် ရယူ၍ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(အမျိုးသမီးရေးရာ)

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ၌ စာကြည့်တိုက်ခိုင်မာရေး ကွင်းဆင်းဆွေးနွေး

မူဆယ် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ နမ့်ဖတ်ကာကျေးရွာ၌ တောင်သူ ဦးနော်ဂျာ၏ လယ်ကွင်းတွင် နွေစပါး ၁၀ဧကအတွက် ပျိုးကြဲပွဲတော်ကို ဇန်နဝါရီ ၇ရက် နံနက် ၁၁ နာရီက ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်း၊ ခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ကျော်ငြိမ်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ကွတ်ခိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကျော်ဝင်း၊ မြို့နယ် အတွင်းရေးမှူး ဦးအောင်ခိုင်စိုးနှင့် မြို့နယ် စိုက်/ကြပ်အဖွဲ့ဝင်များ၊ နမ့်ဖတ်ကာတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်ပျိုးကြဲခြင်း၊ မြေဆွေးနှင့် မြေသြဇာကျွေးခြင်းနှင့် ပလတ်စတစ်ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဟောပြောဆွေးနွေး

ထို့နောက် နမ့်ဖတ်ကာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဆွေးနွေးပွဲပြုလုပ်ရာ ရှေးဦးစွာ ခရိုင်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးမန်နေဂျာက နွေစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ခိုင်မာရေးအတွက်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ လည်းကောင်း၊ ဟောပြောဆွေးနွေးကြပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မိုင်းယောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် လွှဲပြောင်းပေးအပ်

မိုင်းယောင်း ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်၊ မိုင်းယောင်းမြို့နယ် ဦးစီးဌာနမှူး ဦးစိုင်းဆမ်တစ်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၇ရက်က ဝမ်မန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းအွန်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွှဲပြောင်းပေးအပ်သည်။ **(ဓာတ်ပုံ)**

မိုင်းဖြတ်ခရိုင်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေမှု ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပရီမီယာလိဂ်ဖလားဦးတည်ရာလမ်းကြောင်းပြောင်းစေမယ့်

အိုးထရက်ဖို့ဒ်မှ အပြင်းထန်ဆုံးရင်ဆိုင်ပွဲ

သုံးသပ်တင်ပြသူ- မောင်မောင်မြင့်ဆွေ   စာမျက်နှာဖွဲ့စည်းမှု -ဘိုဘိုမင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၈

၂၀၀၉ ခု နှစ်သစ်ရဲ့ နှစ်ဦးပိုင်းကာလမှာ ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေရဲ့ ရင်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လှုပ်ယမ်းနိုင်စွမ်းရှိမယ့် ပွဲစဉ်ကတော့ ပရီမီယာလိဂ်ပွဲစဉ်(၂၁) ဖြစ်တဲ့ ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူနဲ့ ဖလားရယူဖို့ခြိမ်းခြောက်နေတဲ့ ချယ်လ်ဆီးတို့ရဲ့ ဒုတိယအကျော့ပွဲစဉ်ပဲ ဖြစ်ပါတယ်။

ဦးတည်

ဇန်နဝါရီ ၁၁ရက်မှာ ယှဉ်ပြိုင်ကြမယ့်ပွဲဖြစ်ပေမယ့် ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ စကားသံတွေထဲမှာ မန်ယူ၊ ဖာဂူဆန်၊ စီရိုနယ်ဒိုနဲ့ ချယ်လ်ဆီး၊ စကိုလာရီ၊ လမ်းပတ်၊ တယ်ရီ စတဲ့ အမည်တွေက ဝေစည်အောင် ထွက်ပေါ်နေပြီဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ တန်းစီဇယားထိပ်ကို ကြိုးကြာနီတို့ လွှမ်းမိုးထားပေမယ့် ကမ္ဘာ့ဘောလုံးပရိသတ်တွေကတော့ မန်ယူနဲ့ ချယ်လ်ဆီးတို့ပွဲရလဒ်ကသာ ဖလားဦးတည်ရာ လမ်းကြောင်းအဖြစ်ပဲ မှတ်ယူနေကြပါတယ်။

ပရီမီယာလိဂ်သမိုင်းတစ်လျှောက် ပြိုင်ဘက်ကောင်းတွေဖြစ်ခဲ့ကြပြီး ရင်ဆိုင်တွေ့ကြုံတဲ့ပွဲတိုင်း ပွဲကြီးပွဲကောင်းတွေသာဖြစ်ခဲ့လို့ အခုပွဲစဉ်ဟာလည်း မန်ယူနဲ့ ချယ်လ်ဆီးတို့ နှစ်သင်းစလုံး အကြိတ်အနယ် ခြေကုန်ထုတ်ကြရမှာမို့ ဒီပွဲမတိုင်မီကတည်းက အသင်းရဲ့အဓိက ဘောလုံးသမားတွေကို အချို့ပွဲတွေမှာ မကစားခိုင်းဘဲ အားမွေးထားစေခဲ့ပါတယ်။

တွေ့ဆုံမှု

မန်ယူနဲ့ ချယ်လ်ဆီးတို့ တွေ့ဆုံမှုသမိုင်းကိုကြည့်ရင် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီနောက်ပိုင်း အိုးထရက်ဖို့ဒ်မှာ စုစုပေါင်း ၁၆ ပွဲ ကစားခဲ့ကြတဲ့နေရာမှာ မန်ယူက ငါးပွဲနိုင်ပြီး ချယ်လ်ဆီးတို့က လေးပွဲနိုင်ခဲ့သလို သရေပွဲ ခုနစ်ပွဲဖြစ်ခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။

ဒီနှစ် မန်ယူတို့ရဲ့အိမ်ကွင်းရလဒ်ကိုကြည့်တဲ့အခါ စုစုပေါင်း ၁၄ ပွဲ ကစားခဲ့ပြီး ၁၁ပွဲနိုင်၊ သုံးပွဲသရေနဲ့ ရှုံးပွဲတစ်ပွဲမျှမရှိခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်အိမ်ကွင်းမှာ မန်ယူတိုက်စစ်မှူးတွေက စုစုပေါင်း ၃၄ဂိုး သွင်းပေးထားနိုင်သလို ပေးဂိုးကတော့ ၁၀ဂိုး ရှိနေတာမို့ ခံစစ်အပိုင်းမှာ အားဖြည့်မှုတော့ လိုအပ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မန်ယူဟာ ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းနိုင်ခဲ့တဲ့ စတုတ်နဲ့ပွဲမှာ ငါးဂိုးပြတ် သွင်းယူနိုင်ခဲ့ပေမယ့် ဘလက်ဘန်းပွဲမှာတော့ အနိုင်ရခဲ့ပေမယ့် သုံးဂိုးအသွင်း ခံခဲ့ရသလို ဖီဖာကလပ် ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲတုန်းကလည်း ဂျပန်ကလပ် ဂမ်ဘာအိုဆာကာရဲ့ သုံးဂိုးသွင်းယူခြင်းခံရလို့ပါပဲ။ နောက်ပြီး မန်ယူနောက်ခံလူ အီဗရာ လေးပွဲအပယ်ခံထားရလို့ အားနည်းချက်တော့ ရှိနေပါတယ်။



မန်ယူအတွက် အဆုံးအဖြတ်ဂိုးများ သွင်းယူပေးနေသော စီရိုနယ်ဒို ယခုပွဲ၌ ဂိုးသွင်းယူပေးနိုင်ပါ့မလား။ (အင်တာနက်ဓာတ်ပုံ)

မှန်ပေမယ့် အင်တိုက်အားတိုက်မကစားခဲ့တာက ထင်ရှားနေပါတယ်။ ချယ်လ်ဆီးနဲ့ပွဲအတွက် ထိခိုက်မှုဖြစ်စေလိုတာလည်းပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အားသာ

မန်ယူနဲ့ချယ်လ်ဆီးတို့ မန်ယူကွင်းမှာ နောက်ဆုံးငါးနှစ်အတွင်း ကြုံတွေ့ခဲ့ရတဲ့ရလဒ်တွေကိုကြည့်ရင် မန်ယူက နှစ်ပွဲနိုင်ပြီး ချယ်လ်ဆီးက တစ်ပွဲနိုင်ကာ သရေနှစ်ပွဲဖြစ်ခဲ့တာမို့ ဘယ်အသင်းကမှ အသာစီးရနိုင်ဖို့မလွယ်ပါဘူး။ အိမ်ရှင်ဆိုတဲ့ အချက်နဲ့က မန်ယူတို့အားသာမှုရှိတာမှန်ပေမယ့် နည်းပြကြီး ဖာဂူဆန်က သူ့ရဲ့မန်ယူအတွက် ပရီမီယာပွဲစဉ် ၆၃၉ ပွဲမြောက်အဖြစ် အသေအချာ ဗျူဟာခင်းကျင်း ကစားပါလိမ့်မယ်။ ပရီမီယာလိဂ်မှာတော့ စကိုလာရီထက် ဖာဂူဆန်က အများကြီးအားသာချက်ရှိပါတယ်။ ဒါကြောင့် မန်ယူက အနိမ့်ဆုံး သရေပွဲရလဒ် မှန်းနိုင်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

လက်ရှိအခြေအနေအရ နှစ်ပွဲအသာနဲ့ တန်းစီဇယားမှာ မန်ယူထက် ငါးမှတ်အသာစီးရထားတဲ့ ချယ်လ်ဆီးနဲ့ နောက်ဆုံး အဝေးကွင်းရလဒ် အနေအထားကိုကြည့်ရင် ပရီမီယာလိဂ် နောက်ဆုံးသုံးပွဲမှာ သုံးပွဲစလုံးတော့ အနိုင်ရထားပါတယ်။ ချယ်လ်ဆီးမှာ အားကစားသမားတွေအချင်းချင်း စည်းလုံးမှု၊ နားလည်မှုတွေ အက်ကြောင်းထင်ပြီး မာလူဒါနဲ့ဒရော့ဘာတို့က အသင်းကထွက်မယ်လို့တောင် ပြောနေကြတဲ့အချိန်ပါပဲ။ ဒါ့အပြင် ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်စီယံနဲ့ နောက်ခံလူ အက်ရှ်လေကိုးတို့ ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရတာမို့ အသင်းလိုက်ကစားအားတော့ ထိခိုက်စေပေမယ့် ပွဲပယ်ခံထားရတဲ့ ခံစစ်မှူး တယ်ရီ ပြန်ကစားနိုင်မှာမို့ ချယ်လ်ဆီးအတွက် အားတက်စရာပါပဲ။

အဝေးကွင်းရလဒ်

ဒါပေမယ့် ချယ်လ်ဆီးရဲ့ ဂိုးသွင်းမှုအနေအထားကို ကြည့်ရင်တော့ လက်ရှိအချိန်မှာ အနယ်လ်ကာက ၁၆ဂိုး၊ လမ်းပတ်က ၁၁ဂိုး၊ ကာလူးက ငါးဂိုးနဲ့ မာလူဒါက လေးဂိုး အသီးသီးသွင်းယူထားတာ တွေ့ရပါတယ်။ ဒီနှစ်မှာ ချယ်လ်ဆီးရဲ့ အဝေးကွင်းရလဒ်တွေကိုကြည့်ရင် ၁၄ ပွဲကစားခဲ့ပြီး ကိုးပွဲနိုင်၊ လေးပွဲသရေနဲ့ တစ်ပွဲရှုံးဆိုတဲ့ မှတ်တမ်းရှိထားတဲ့အပြင် အဝေးကွင်းမှာ တိုက်စစ်မှူးတွေက စုစုပေါင်း ၂၉ဂိုး သွင်းယူပေးထားနိုင်ပါတယ်။ ဒီနှစ်မှာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ပွဲတွေကတော့ မစ်ဒယ်ဘရော့နဲ့ ဆန်းဒါးလန်းအသင်းတွေနဲ့ ပွဲဖြစ်ပြီး ငါးဂိုးပြတ် သွင်းယူနိုင်ခဲ့တာပါပဲ။

မန်ယူနဲ့ ချယ်လ်ဆီးတို့ နေရာအလိုက်ရော၊ အသင်းလိုက်ပါ ကွာခြားမှု သိပ်မရှိတဲ့အပြင် ပွဲရလဒ်တွေကလည်း မတိမ်းမယိမ်းဖြစ်နေတာမို့ ပရီမီယာလိဂ်ဖလားအတွက် အရေးပါတဲ့ ဒီပွဲအတွက် နည်းပြတွေနဲ့ ကစားသမားတွေပါ ပညာရပ်တွေ အစွမ်းကုန်ထုတ်သုံးကြမယ့်ပွဲပါပဲ။

ဒါကြောင့် ကစားအားချင်းလည်းမျှပြီး ကြိုးစားအားထုတ်မှုလည်း တူညီနေတဲ့အပြင် ပရီမီယာလိဂ်ဖလား အရယူရေး အိပ်မက်ကိုပါ အကောင်အထည်ပေါ်စေနိုင်တဲ့အထိ ရိုက်ခတ်စေမယ့် ပရီမီယာလိဂ် ကြီးနှစ်ကြီး အားပြိုင်မှုကတော့ ကမ္ဘာ့ဘောလုံး ပရိသတ်ရင်ကို ရသမျိုးစုံ ပေးစွမ်းနိုင်မယ့်ပွဲဖြစ်မှာမို့ ရင်ခုန်စွာ စောင့်မျှော်အကဲခတ်ရမှာ ဖြစ်ပါကြောင်းဖော်ပြလိုက်ရပါတယ်။ ။ **ကိုးကား-အင်တာနက်သတင်းအချက်အလက်**



ချယ်လ်ဆီးအတွက် ယခုနှစ်၌ ဂိုးအများဆုံးသွင်းယူပေးထားသည့် တိုက်စစ်မှူး အနယ်လ်ကာ။ (အင်တာနက်ဓာတ်ပုံ)

သံသယ

ဒါပေမယ့် မန်ယူရဲ့ နောက်ဆုံး အိမ်ကွင်းသုံးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲစလုံး အနိုင်ယူထားတာတွေ့ရမှာမို့ တိုက်စစ်မှူးတွေ ဂိုးသွင်းခြေမမှန်တာကလွဲပြီး ဒီနှစ်အိမ်ကွင်း ရှုံးပွဲမရှိစံချိန်ကို ထိန်းထားနိုင်တာ တွေ့ရပါတယ်။ မန်ယူမှာ ပွဲစဉ် ၂၀ အထိ စီရိုနယ်ဒိုက ၁၀ ဂိုး၊ ရွန်နေက ၁၀ ဂိုး၊ တီဗက်ဇ်က ရှစ်ဂိုးနဲ့ ဘာဘာတော့ဗ်တို့က ခုနစ်ဂိုး သွင်းယူပေးထားနိုင်တဲ့အပြင် ဖလက်ချာ၊ ဗီဒစ်၊ နာနီတို့ကလည်း လေးဂိုးစီ သွင်းယူပေးထားနိုင်တာမို့ မန်ယူကစားသမားတွေရဲ့ ဂိုးရအောင်သွင်းယူနိုင်မှု အပေါ်မှာတော့ သံသယဖြစ်ဖွယ်မရှိပါဘူး။

မန်ယူမှာ အီဗရာကလွဲပြီး ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေ မရှိတာမို့ ချယ်လ်ဆီးကို အကောင်းဆုံးအနေအထားနဲ့ ရင်ဆိုင်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဇန်နဝါရီ ၈ ရက်က ကစားခဲ့တဲ့ ကာလင်းဖလား အကြိုဗိုလ်လုပွဲပထမအကျော့မှာ ဒါဘီကိုတစ်ဂိုး-ဂိုးမရှိ ရှုံးပွဲကြုံတွေ့လိုက်တာကတော့ ချယ်လ်ဆီးနဲ့ပွဲအတွက် ပရိသတ်တွေကို စိုးရိမ်စိတ်ပွားစေခဲ့တာကတော့ အမှန်ပါပဲ··။ ဒါပေမယ့် မန်ယူဟာ အဓိကကစားသမားတွေ ထုတ်သုံးခဲ့တာ

ဆုချီးမြှင့်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် အထက(၂) ဗိုလ်တထောင် ပညာရေးမိသားစု စုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆု ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း မြို့နယ်ဘက်စုံထူးချွန်ပထမဆုရ မစုစန္ဒီထွန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါက်တာမိုးသူက ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီက သုဝဏ္ဏကွင်းနှင့်အောင်ဆန်းကွင်းတို့မှာ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းနဲ့ သစ်တောရေးရာတို့ ဂိုးမရှိ သရေကျခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာ့မီးရထားတို့ တစ်ဂိုးစီသရေပွဲဖြစ်သွားပါတယ်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း

ဖိုးသော်ဇင်

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - ဂိုးမရှိ
သစ်တောရေးရာ - ဂိုးမရှိ

စီးပွား/ကူးသန်းအသင်းရဲ့ အခုပွဲ သရေရလဒ်ဟာ များစွာနစ်နာခဲ့ပြီးပြိုင်ဘက်အသင်းများကို အမှတ်ဖြတ်နိုင်ခွင့် ဆုံးရှုံးခဲ့ရပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ ဆောက်လုပ်ရေးနဲ့ပွဲက ဒဏ်ရာရသွားတဲ့ မျိုးမင်းထွန်းကလွဲရင် ဇော်လင်းထွန်း၊ မင်းသူ၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်တို့နဲ့လူစုံပါဝင်ခဲ့ပေမယ့် ခြေစွမ်းက အားရစရာမရှိဘဲ ဂိုးသွင်းခွင့်ကိုလည်း အသုံးမချနိုင်ခဲ့လို့ သုံးပွဲဆက်တိုက်အနိုင်နဲ့လွဲခဲ့ရတာဖြစ်ပါတယ်။

ပိုကောင်းလာ

အခုအမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပြပြီး ရလဒ်ကောင်းတွေရရှိနေတဲ့ သစ်တောရေးရာအသင်းကတော့ အသင်းကြီး စီးပွား/ကူးသန်းကို သရေခံကစားနိုင်ခဲ့ပြီး ခြေစွမ်းက သာသယောင်ပင်ရှိနေခဲ့ပါတယ်။ နည်းပြသစ် ဦးတင်ဟန်လက်ထက်မှာ သစ်တောရေးရာအသင်းဟာ ပိုကောင်းလာတယ်လို့ ပြောလို့ရပြီး မြို့တော်စည်ပင်ကို အနိုင်နဲ့ စီးပွား/ကူးသန်း၊ မြန်မာ့မီးရထားတို့ကို သရေကစားထားပါတယ်။ သစ်တောရေးရာအသင်းကတော့ ပွဲစကတည်းက လျှင်လျှင်မြန်မြန်နဲ့ စီးပွား/ကူးသန်းဘက်ကို တိုက်စစ်ဆင်ခဲ့ပါတယ်။ သစ်တောတိုက်စစ်ကို ကမ္ဘောဇက ပြောင်းရွှေ့လာတဲ့ ထွန်းမင်းဦး ဦးဆောင်ခဲ့ပြီး သူ့ကို ထိထိရောက်ရောက်သာ ပံ့ပိုးပေးနိုင်ရင် ပွဲအဖြေတစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်ပါတယ်။ စီးပွား/ကူးသန်း တိုက်စစ်ဟာ မျိုးမင်းထွန်းမပါလို့ အားပျော့ခဲ့ပြီး တိုက်စစ်မှူး စထက်နိုင်ဝင်းဟာ ခြေမပေါ်တဲ့အပြင် ထူးကျော်နဲ့လည်း အတွဲမမိခဲ့ပါဘူး။ ပထမပိုင်းမှာတော့ သစ်တောက ဂိုးသွင်းခွင့်ပိုရခဲ့ပေမယ့် ဂိုးတော့မရခဲ့ပါဘူး။

ဦးဆောင်

ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံး အနိုင်ရနိုင်တဲ့ အခွင့်အရေးကိုယ်စီ ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့တာကတော့ သစ်တောရော စီးပွား/ကူးသန်းပါ နိုင်ပွဲနဲ့ ဝေးစေခဲ့တာပါပဲ။ ၄၇ မိနစ်မှာ ထူးကျော် ပေးတာကို မျိုးလှိုင်ဦး အပိုင်ကန်ခွင့်ရပေမယ့် အချိန်ကြာသွားလို့ သစ်တောနောက်တန်းဖျက်ထုတ်နိုင်ခဲ့လို့ စီးပွား/ကူးသန်း နစ်နာခဲ့ရပါတယ်။ သစ်တောရေးရာအသင်းဟာလည်း ဂိုးရနိုင်တဲ့ အခွင့်အရေးတွေ ပြန်ရခဲ့ပြီး သီဟဇော်နဲ့ ခိုင်ဇော်ထွန်းတို့ အသုံးမချနိုင်ခဲ့ပါဘူး။ ၆၉ မိနစ်မှာ ရာဇာဝင်းသိန်း ဂိုးသမားကိုလိမ်ပြီး ကန်သွင်းတာ ဘေးထွက်သွားတာ၊ ၇၃ မိနစ်မှာ ထူးကျော်ရဲ့ ခေါင်းတိုက်ချက် ဘားထိထွက်သွားတာကတော့ စီးပွား/ကူးသန်းကို ကံဆိုးစေခဲ့ပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ အနိုင်မရခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးကို ရောက်ရှိခဲ့ပြီး လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ စွမ်းအင်တို့နဲ့ ခုနစ်မှတ်စီတူပြီး ဂိုးကွာခြားချက်နှင့် ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အောင်ဆန်းကွင်း

ကာကွယ်ရေးဝန်ကြီးဌာန - တစ်ဂိုး
မြန်မာ့မီးရထား - တစ်ဂိုး

ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှာ သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ လေးမှတ်ရရှိထားပြီး မြန်မာ့မီးရထားအသင်းကတော့ သုံးပွဲစလုံး သရေကျထားပါတယ်။

(ယနေ့ပွဲ)

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - စွမ်းအင်။

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ မျိုးလှိုင်ဦးနှင့် သစ်တောမှ စောမြတ်အေးတို့ ခေါင်းချင်းယှဉ်အတိုက်။ (မြန်မာ့အလင်း)

မြကန်သာ ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၈

ဦးအောင်မိုးကြည်(ပြည်တွင်းအခွန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဒီဇင်ဘာ ၃၀ရက် နံနက် ၈ နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၈ ၌ ၁၅၈ ကိုက်အကွာမှ Titleist Pro VI No.2 ဘောလုံးကို Honma Beres 703 Iron 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ကစား

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမင်းနိုင်ဦး၊ ဦးမျိုးမင်းဇော်၊ ဦးနိုင်ဝင်းအောင်၊ ဦးသိန်းဇော်တို့နှင့်အတူ ကစားလျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ထွယ်ဆန်ယန်ရွာအဝင် အုတ်ခုံခံ သစ်သားတံတားတည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၉ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးမိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင် အမက(၁၁)၌ ကျောင်းသုံးပစ္စည်းများထောက်ပံ့

ပြင်ဦးလွင် ဇန်နဝါရီ ၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းသားကျောင်းသူ ၁၀၀ကျော်တို့အား ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂ရက်က အဆိုပါကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြသောင်းက အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်နှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (၀၈၈)

မီးသတ်စခန်းစစ်ဆေး

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂ရက်က ဖျာပုံခရိုင် မီးသတ်စခန်းရှိ ယာဉ်/စက် ကြံ့ခိုင်မှု၊ မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ လက်ရှိနှင့် ဆောက်လုပ်မည့်အခြေအနေတို့ကို စစ်ဆေးမှာကြားစဉ်။ (၁၅၅)

ဖြူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ဖြူး ဇန်နဝါရီ ၅

ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၆ရက် ည ၆နာရီက ဖြူးမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌထံမှပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း-ရွှေအင်း)က ဖတ်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး(ဖြူး-မြင့်ဦး)က ကျေးဇူးတင်စကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာအထက်တန်း စာမေးပွဲ၌ ဖြူးမြို့နယ်၏ တစ်ဦးတည်းသော မြန်မာစာဂုဏ်ထူးရှင် ဇေယျဝတီဂျေပူအထကမှ မသန္တာနွယ်အား စာရေးဆရာ တက္ကသိုလ်တင်ထွန်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားစာပေဆုရ ဆရာဆောင်းဝင်းလတ် **(အောက်ပုံ)**၊ အဏ္ဏဝါစိုးမိုးနှင့် ဆရာမသန်းမြင့်အောင်တို့က စာပေရေးရာဟောပြောကြကြောင်း သိရသည်။ **(၀၅၁)**

လှည်းကူးမြို့ ရိပ်သာရပ်ကွက် ရန်ကင်း(၄)လမ်း ကတ္တရာလမ်းခင်းရန် ဆောင်ရွက်မှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဒီဇင်ဘာ ၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်ခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပုသိမ် ဇန်နဝါရီ ၅

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၃၀ရက် နံနက် ၉နာရီက ပုသိမ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းက မြို့နယ်တစ်ခုချင်းအလိုက် ၂၀၀၈ခုနှစ်အတွင်း လုပ်ငန်းလျာထားချက်များအတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်မှု အားသာချက်၊ အားနည်းချက်များကို သုံးသပ်တင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ၂၀၀၉ခုနှစ်အတွက် စီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ကန်ကြီးထောင့်၊ ရေကြည်၊ ကံ့ပျော်၊ကျောင်းကုန်း၊သာပေါင်း၊ငပုတောမြို့နယ်နှင့်ရွှေသောင်ယံ၊ ငွေဆောင် ငရုတ်ကောင်း၊ ဟိုင်းကြီးကျွန်း၊ ငသိုင်းချောင်းမြို့များမှ မြို့နယ်ဦးစီးမှူးများနှင့် ဓာတ်ပုံကျွမ်းကျင်(၂)၊ စာထောက်(၃) ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစကြိုမြို့၌ အလုပ်ရုံဆွေးနွေး

ရေစကြို ဇန်နဝါရီ ၄

မကွေးတိုင်း ရေစကြိုမြို့ အမှတ် (၅) ရပ်ကွက် မူလတန်းကျောင်း၌ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှ ညနေ ၅နာရီ အထိ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဦးအောင်ဇော်မိုးနှင့် ဦးထွန်းဇော်ဦးတို့က ဆွေးနွေးကြကြောင်း သိရသည်။

(၀၆၉)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု မှော်ဘီ ပြန်/ဆက် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ကျေးရွာများသို့ စာအုပ်စာစောင်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌတစ်ဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သန္ဓေပင်ကျေးရွာ ဥက္ကဋ္ဌ ဦးချစ်ဇော်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၁၁၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အာသာဝတီ(၁)လမ်း အမှတ် ၃၂နေ ဦးအေးကို(မျက်ကြည်လွှာအလှူရှင်)**(အပေါ်ပုံ)**သည် ဒီဇင်ဘာ၂၄ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်းက ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲတွင် (၁၁၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုင်းယောင်းမြို့နယ်၌ သူရိန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် သုတရသမဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ်များ လှူဒါန်း

မိုင်းယောင်း ဇန်နဝါရီ ၃

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ယန်းခမ်းကျေးရွာ၌ သူရိန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းဝင်းတင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအိုက်ဆမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှောလမွန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းအကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဦးစိုင်းကျော်ထွန်းက ဒို့ကျေးရွာ ဂျာနယ် သိမှတ်ဖွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စာကြည့်တိုက်မှူး ဦးအိုက်ခန်းငင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်ခံယူ

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက သုတ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

စာပေနှင့်အနုပညာဟောပြောပွဲ အင်းစိန်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နှင့် မင်းစေတီစာကြည့်တိုက်ဖွံ့ဖြိုးရေး စာပေနှင့်အနုပညာဟောပြောပွဲကို ဇန်နဝါရီ ၁ရက် ည၇နာရီက အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မင်းစေတီစာကြည့်တိုက်ရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဟောပြောပွဲတွင် စာရေးဆရာ အဏ္ဏဝါစိုးမိုး၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၊ ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် မေတ္တာတို့က စာပေအနုပညာရေးရာများ ဟောပြောကြပြီး မင်းစေတီစာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၆ရက်က အဆိုပါကျောင်း မြဇရာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးစိုးမြင့်(နယူးရွှေစင် စိန်ရွှေရတနာဆိုင်ကြီး မင်္ဂလာဒုံဈေး)တို့က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ မအေးဇော်ထွေးအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မှုခင်းသတင်း

နယ်လှည့်စက်ဘီးခိုးယူသူ ရေဦးမြို့နယ်တွင် ဖမ်းဆီးမိ

ရေဦး ဇန်နဝါရီ ၇

စက်ဘီးတစ်စီးနှင့် မသင်္ကာဖွယ်ရာတွေ့ရှိသူတစ်ဦးအား ခေါ်ယူစစ်ဆေးရာမှ စက်ဘီးခိုးမှုများ ဖော်ထုတ်နိုင်ခဲ့သောဖြစ်ရပ် ဒီဇင်ဘာ ၁၄ရက်က ရွှေဘိုခရိုင် ရေဦးမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

တိုင်တန်း

ဖြစ်ပွားပုံမှာ ရွှေဘိုခရိုင် ရေဦးရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်တင်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၄ရက် မွန်းလွဲ ၂ နာရီက လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ရေဦးမြို့ မင်္ဂလာရာမကျောင်းတိုက်အနီးတွင် စက်ဘီးတစ်စီးနှင့် မသင်္ကာဖွယ်ရာ တွေ့ရှိသူတစ်ဦးကို ခေါ်ယူစစ်ဆေးရာ ရေဦးမြို့ ဗိုလ်အောင်ဇေယျ ရပ်ကွက်နေ သောင်းရင်(၆၂နှစ်) အဖ ဦးစီဦးဆိုသူဖြစ်ပြီး ဒုရဲအုပ်တင်ဦးက ရေဦးရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

စစ်ဆေးဖော်ထုတ်

ယင်းအမှုနှင့် ပတ်သက်၍ အမှုစစ်ဒုရဲအုပ်တင်ဦးက တရားခံသောင်းရင်အား စစ်ဆေးရာ ၂၀၀၈ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း ရေဦးမြို့မှ စက်ဘီးတစ်စီး၊ မြောင်မြို့မှ စက်ဘီးတစ်စီး၊ ချောင်းဦးမြို့မှ စက်ဘီးနှစ်စီး၊ ယင်းမာပင်မြို့မှ စက်ဘီးတစ်စီး၊ ဘုတလင်မြို့မှ စက်ဘီးတစ်စီးနှင့် စိုင်ပြင်မြို့မှ စက်ဘီးတစ်စီး စုစုပေါင်း စက်ဘီးခုနစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် တရားခံသောင်းရင်အား သက်သေခံစက်ဘီးများနှင့်အတူ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ရေဦးမြို့နယ် တရားရုံးသို့ ရေဦးရဲစခန်း (ပ)၁၄၇/ ၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၀ အရ တရားစွဲတင်ပို့ထားကြောင်း သိရသည်။ (၀၃၄)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော Cisco Router နှင့် Cisco Catalyst Core Switch အား ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၂-၁-၂၀၀၉ရက် ၁၃း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက် စံချိန်စံညွှန်း(Specifications)များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၄၇၂၂။



လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-(၁/၂၀၀၉)ဖြင့် **ဦးသန်းထွန်း (ဥက္ကဋ္ဌ၊ ရွှေအုပ်စုကုမ္ပဏီလီမိတက်)**မုံရွာမြို့ စစ်ကိုင်းတိုင်းအား **သုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သားလတ်-ကိုအောင်ကိုထွန်း-မသဲနှင်းစိုး
5 Star (Lubricants Trading)
သားသား- မောင်အောင်ကောင်းခန့်
မုံရွာမြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-(၁/၂၀၀၉)ဖြင့် **ဦးသန်းထွန်း (ဥက္ကဋ္ဌ၊ ရွှေအုပ်စုကုမ္ပဏီလီမိတက်)** မုံရွာမြို့ စစ်ကိုင်းတိုင်းအား **သုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သားတပည့်- ဦးအောင်ဇော်ဦးမိသားစု(ရွှေပေါက်ကံ)
ဦးတင်ထွန်းနိုင်မိသားစု(တာမွေ)၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၈၀၇၄ အီစူဇူး ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၄/မအပ(နိုင်) ၀၆၆၈၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၁၈

မန်နေဂျာ	**နှင့်**	၁။ ဦးအောင်သန်းဌေး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်မေမီသိန်း
ပဲခူးမြို့။		
တရားလို		**တရားပြိုင်များ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ မြေတိုင်း(၇)၊ ၃လမ်း၊ အိမ်အမှတ်(၂၆၀)နေ (၁) ဦးအောင်သန်းဌေး၊ (၂) ဒေါ်မေမီသိန်း (ယခုလိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေပေါင်း ၄၁၂၉၀၇၁ကျပ် ၂၅ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၄ရက်(၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ပါအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ယဉ်ယဉ်ဟန်(တ/၂၂၉၇)
ဒုတိယခရိုင်တရားသူကြီး(၃)၊
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံးတော်
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၇

မန်နေဂျာ	**နှင့်**	၁။ ဦးထွန်းလွင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်သန်းသန်းမြင့်
ပဲခူးမြို့။		
တရားလို		**တရားပြိုင်များ**

ပဲခူးမြို့၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်း(၈)၊ ဗထူးလမ်း၊ အမှတ်(၃၂၀)တွင် နေထိုင်သူ တရားပြိုင် (၁) ဦးထွန်းလွင်၊ (၂)ဒေါ်သန်းသန်းမြင့် (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေပေါင်း ၆၇၆၉၈၆၆ကျပ် ၄၁ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက်(၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး(၂)။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၄၆

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးသိန်းဝင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်မြင့်အေး
ဝမ်းတွင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃ တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ (၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၅၈၅/သဲတောတောင်ရွာအနောက်)၊ ဦးပိုင်(၂/၈)၊ မြေကွက်အမှတ်(အက်ဖ်-၈၄/၇၄၂)၊ ဧရိယာ ၀ ဒသမ ၅၂ ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၂၁×၁၆)ပေ အာရ်စီပတ်ကား ကိုးလက်မအုတ်ရိုး၊ သွပ်မိုး၊ ကွန်ကရစ်ခင်း နှစ်ထပ်တိုက်၊ (၂၀×၂၀)ပေ အာရ်စီပတ်ကား ကိုးလက်မအုတ်ရိုး၊ သွပ်မိုး၊ တစ်ထပ်တိုက်၊ (၃၁×၁၅)ပေ နံကပ်၊ သွပ်မိုး၊ ဂိုဒေါင်၊ (၃၅×၂၈)ပေ နံကပ်၊ သွပ်မိုး စက်ရုံတွင်ခုံ၊ စက်ရက်ကန်းသုံးစင်၊ ရက်ဖောက်စင်တစ်စင်၊ ၁၀ လက်တွင်ခုံ ၂ (၆×၄)ပေ ဖောက်စက်၊ ကျောက်စက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဘဏ်ဝင်း
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား သင်တန်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ရှိတ် ဟာစီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုကို စောင့်ကြည့်မည့် ဂြိုဆက်ဂြိုဟ်တု

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

အာကာသအတွင်း လွင့်မျောနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို လေ့လာစောင့်ကြည့်ရန်အတွက် ဂျပန်နိုင်ငံက ယခုလကုန်၌ ဂြိုဟ်တုတစ်လုံး လွှတ်တင်တော့မည်ဖြစ်သည်။

ထုထည်ကြီးမား

တစ်ကမ္ဘာလုံးမှ ထုတ်လွှတ်နေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့လေထုအတွင်း တဖြည်းဖြည်း ထုထည်ကြီးမား များပြားလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များနှင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်းကာ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။